# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 25 September 2025 ၁၁၉၅၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum 2025)သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum 2025) သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။




# မိုးလေဝသဖြစ်စဉ်နှင့် သဘာဝဘေးအန္တရာယ်သတိပြု

စက်တင်ဘာ ၂၃ ရက်က တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဒေသများတွင်ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ စက်တင်ဘာ ၂၂ ရက်က တိုက်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် စူပါတိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ"ကြောင့်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသက်လေပြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" သည် စက်တင်ဘာ ၂၃ ရက်က တိုင်းထွာချက်များအရ အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ ယင်းနောက် ရာဂါဆာသည် အနောက် - အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး စက်တင်ဘာ ၂၄ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများသို့ ဖြတ်ကျော်ဝင်ရောက်ပြီး ထိုမှတစ်ဆင့် စက်တင်ဘာ ၂၅ ရက်(ယနေ့)တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကမ်းခြေဒေသများသို့ အပူပိုင်းမုန်တိုင်းအဖြစ် ဖြတ်ကျော်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။

တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ"သည် နောက်ရက်များတွင် ဗီယက်နမ်နိုင်ငံမှတစ်ဆင့် ဖြတ်ကျော်ပြီးနောက် အင်အားလျော့နည်းသွားကာ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံသို့ အကြွင်းအကျန်သက်ရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။ မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုတ်သုံလေအားကောင်းနေပြီး လေဖိအားနည်းရပ်ဝန်းအရှိန်တို့ကြောင့်လည်းကောင်း၊ တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ"၏ အကြွင်းအကျန်သက်ရောက်မှုများကြောင့် လည်းကောင်း ပြီးခဲ့သည့်ရက်များမှစ၍ နောက်ရက်များထိတိုင် မိုးသက်လေပြင်းများ၊ မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ရှိနေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်က တောင်တရုတ်ပင်လယ်ပြင်၌ တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းအရှိန်သက်ရောက်မှုကြောင့် နေပြည်တော်အပါအဝင် မြန်မာပြည်အလယ်ပိုင်းဒေသများ၌ ရေကြီးရေလျှံမှုဖြစ်စဉ်များဖြစ်ပွားခဲ့ရာ နေအိမ်အဆောက်အအုံများနှင့် ပြည်သူအချို့ အသက်ဆုံးရှုံးခဲ့ရသည်ကို ကြုံခဲ့ရပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သင်ခန်းစာများရှိပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက သဘာဝဘေးမတိုင်မီကာလ၊ သဘာဝဘေးကာလ၊ သဘာဝဘေးလွန်ကာလများအတွက် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုကို နိုးကြားတက်ကြွစွာ စနစ်တကျဆောင်ရွက်နိုင်ခဲ့သည်။

ယခုအင်အားအလွန်ပြင်းထန်သော စူပါတိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" တိုက်ရိုက်တိုက်ခတ်ခံရသည့် ဖိလစ်ပိုင်နိုင်ငံ၏ဖြစ်စဉ်နှင့် ယမန်နှစ်က တောင်တရုတ်ပင်လယ်ပြင်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အကြွင်းအကျန်များ ထိခိုက်ခံစားခဲ့ရသော မြန်မာနိုင်ငံ၏ဖြစ်စဉ်ကို နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံက လူ့အသေအပျောက် ပိုများနေသည်ကို တွေ့ရမည်ဖြစ်သည်။ ဖြစ်စဉ်ကိုသုံးသပ်ကြည့်လျှင် နိုင်ငံတော်အစိုးရက သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကို စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ အရေးပေါ်အခြေအနေတွင် အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ခဲ့သော်လည်း ပြည်သူများ၏ နေထိုင်မှုသဘောသဘာဝအရ ထိခိုက်ခံစားရမှုများခဲ့သည်ဟု သုံးသပ်ရမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" မတိုက်ခတ်မီ ပြည်သူများအား ဘေးလွတ်ရာသို့ ရှောင်တိမ်းနိုင်ရန် အသိပေးနှိုးဆော်ခဲ့ပြီး ပြည်သူများကလည်း လိုက်နာဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် "ရာဂါဆာ"မုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူပေါင်း သုံးဦးသာရှိသည်။ စတာအန်နာမြို့ကမ်းလွန်တွင် တံငါသည် ၁၃ ဦးတင်ဆောင်လာသော ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ ခြောက်ဦး ပျောက်ဆုံးကြောင်း၊ အခြားခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ယမန်နှစ်ကဖြစ်ပွားခဲ့သော မိုးသက်မုန်တိုင်း အကြွင်းအကျန်ကြောင့် လူ့အသက်များ သေဆုံးရသောဖြစ်စဉ်များနှင့် ဖိလစ်ပိုင်နိုင်ငံမှ ဖြစ်စဉ်များကို သင်ခန်းစာယူပြီး ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင် သတိပြုရှောင်ရှား ဆောင်ရွက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်များထက် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များကြောင့် ရေကြီးရေလျှံမှု၊ တောင်ကျရေကျဆင်းမှု၊ တောင်ပြိုမှု၊ မြေပြိုမှုဖြစ်စဉ်များ အများဆုံးကြုံတွေ့ခဲ့ရသည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ယခုဖြစ်ပေါ်လာနိုင်သည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ မြစ်ချောင်းပတ်ဝန်းကျင်တွင် နေထိုင်ကြသောပြည်သူများ၊ အနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသောပြည်သူများ၊ ဆည်မြောင်းတာတမံနှင့် တောင်တန်းများအနီးတွင် နေထိုင်ကြသောပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုနှင့် တောင်ကျရေကျမှု၊ မြေပြိုမှုအန္တရာယ်များကို ကြိုတင်သတိပြုရှောင်ရှားနေထိုင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်ဦးကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်အား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ဆော်ဒီအာရေဗျအစိုးရ၏ အဆိုပြုချက်ကို သဘောတူပြီးဖြစ်သည်။

မစ္စတာ မာဇီယဒ်မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်ကို ၁၉၈၀ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် မွေးဖွားခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့ရှိ ကင်းဆော့ဒ်တက္ကသိုလ်မှ ဥပဒေဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ အီဂျစ်နိုင်ငံ အလက်ဇန္ဒရီးယားမြို့ရှိ အလက်ဇန္ဒရီးယားတက္ကသိုလ်မှ နိုင်ငံတကာဥပဒေဘာသာရပ်ဖြင့် မဟာဘွဲ့ကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်သည် ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆော်ဒီအာရေဗျနိုင်ငံ အာရှနိုင်ငံများဆိုင်ရာ အထွေထွေ အုပ်ချုပ်ရေးရုံးတွင် သံအရာရှိအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆီးရီးယားနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးတွင် ပထမအတွင်းဝန် အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဆော်ဒီအာရေဗျနိုင်ငံ သံတမန်ရေးရာကောင်စီ၏ ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၂၁ ခုနှစ်မှစ၍ အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးထွန်းကားသည်။

**သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့ညနေ ၃ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့၌ စက်တင်ဘာ ၂၅ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ၂၄ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၇၀၀ | ၅၁၈ | ၃,၉၈၄,၅၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၂,၆၃၆ | ၈,၆၂၄,၅၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂၁၅ | ၁,၆၉၈,၅၀၀ |
| FPB | ၂,၉၅၀ | ၂,၉၅၀ | ၆,၄၉၇ | ၁၉,၁၆၆,၁၅၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၇၀၀ | ၁,၈၅၅,၀၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၂,၄၇၂ | ၄,၉၀၀,၄၀၀ |
| AMATA | ၃,၁၅၀ | ၃,၂၅၀ | ၁,၀၈၄ | ၃,၄၂၃,၁၀၀ |
| MAEX | ၃,၃၅၀ | ၃,၄၀၀ | ၁၇၀ | ၅၇၄,၆၀၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁


# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich တို့ နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိမ်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံမှ အသင့်ပြင်ဆင်လာသည့် မြန်မာ့ရိုးရာအစားအစာဖြစ်သည့် လက်ဖက်အုပ်၊ လက်ဖက်ရည်၊ အသင့်ချက်ပြုတ်လာသည့် ငါးသလောက်ပေါင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မြိန်ယှက်စွာသုံးဆောင်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ညော့်ခံပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၂၄**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ညော့်ခံပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ WYNDHAM GRAND Yangon Hotel ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ဇနီးနှင့် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် တရုတ်နိုင်ငံ၏ သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး တရုတ်နိုင်ငံ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုကို ပြသကာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**အဖွင့်ကောင်းဖြင့် စတင်နိုင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် လွန်ခဲ့သည့်(၇၆)နှစ်တာကာလအတွင်း ရရှိခဲ့သည့် တရုတ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏အောင်မြင်မှုကို ဂုဏ်ပြုသည့် ပွဲဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား နှစ်ပေါင်း(၇၅)နှစ်ကျော်ကြာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့်သမိုင်းဝင်အမှတ်တရများ၊ ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးများ၊ အပြန်အလှန် လေးစားမှုများနှင့် နှစ်နိုင်ငံမိတ်ဖက်များအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ထားရှိသည့် ကတိကဝတ်များကို ထင်ဟပ်ပြသသည့် အထိမ်းအမှတ်အောင်ပွဲတစ်ခုဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မကျူးကျော်ရေး၊ ဝင်ရောက် မစွက်ဖက်ရေး၊ အပြန်အလှန်လေးစားမှု၊ တန်းတူညီတူရှိမှုနှင့် ပူးပေါင်းဆောက်ရွက်မှုတို့အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်ကို ပူးတွဲထုတ်ပြန်နိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အဖွင့်ကောင်းဖြင့် စတင်နိုင်ခဲ့ကြောင်း။

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့သည့် အရေးပေါ် ကယ်ဆယ်ရေး အကူအညီများ၊ ကျန်းမာရေး အကူအညီများ၊ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေး ဆိုင်ရာ အကူအညီများသည် ငလျင်ဘေးဒဏ် ခံစားခဲ့ရသည့် မြန်မာ ပြည်သူများအတွက် စိတ်ဓာတ်ခွန်အားကို ရရှိစေခဲ့ပါကြောင်း၊ အလားတူ မြန်မာ့ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံမှ ပေးအပ်သော အပြုသဘောဆောင်သည့် အထောက်အပံ့များ၊ အာဆီယံနှင့် ကုလသမဂ္ဂအစရှိသည့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးမှုနှင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ပံ့ပိုးပေးသည့်အကူအညီများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

**အပြည့်အဝ ယုံကြည်**

နှစ်နိုင်ငံအကြား အပြန်အလှန် ဖေးမကူညီမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ထောက်ခံမှုများ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို သမိုင်းက သက်သေခံလျက်ရှိပါကြောင်း၊ သာတူညီမျှမှု၊ အပြန်အလှန် လေးစားယုံကြည်မှုနှင့် ဆွေမျိုးပေါက်ဖော် အိမ်နီးချင်းကောင်း ဆက်ဆံရေးကို အခြေခံကာ အတူတကွ ဆက်လက်ကြိုးပမ်းအားထုတ်မည်ဆိုပါက ပိုမိုမြင့်မားသည့် ဆက်ဆံရေးအဆင့်သို့ တက်လှမ်းနိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ သံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး သံအမတ်ကြီးက တက်ရောက်လာကြသည့် ညော့်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းညော့်ခံသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့်ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မော်စကိုမြို့၌ ကျင်းပသည့် First World Public Assembly on New World of Conscious Unity သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၂၄**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ (International Day of Peace) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် First World Public Assembly on New World of Conscious Unity သို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ပေါင်းစည်းရေးဝန်ကြီး Mr. SERGEY GLAZYEV၊ Commonwealth of Independent States (CIS) အတွင်းရေးမှူးချုပ် Mr. SERGEY LEBEDEV၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသတို့မှ ဝန်ကြီးများ၊ မြို့တော်ဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Secretary General of the World Peoples Assembly ဖြစ်သူ Mr. Andrey Belyaninov နှင့် တွေ့ဆုံဆွေးနွေးပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် Business Forum ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အာရှ၊ အာဖရိက၊ ဥရောပနိုင်ငံများ၊ BRICS ၊ SCO များမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ၏ယုံကြည်မှုမှ စီးပွားရေးယုံကြည်မှုသို့ ပူးပေါင်းဆောင်ရွက်မှုအခြေခံအုတ်မြစ်များ၊ From People Trust to Economic Trust (Humanitarian Foundations of Partnership) ခေါင်းစဉ်ဖြင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံသည့် လူသားများ၏ ယုံကြည်မှုဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရေး၊ ယင်းမှတစ်ဆင့် ရေရှည်တည်တံ့သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးတည်ဆောက်နိုင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် The Role of Business in Economic Integration amid Global Changes ခေါင်းစဉ်ဖြင့် Panel Session ကို ကျင်းပရာ BRICS အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံအချို့က ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများကြားတွင် စီးပွားရေးတိုးတက်မှုအတွက် နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုများကို အလေးထားဆွေးနွေးခဲ့ကြပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် လက်တွေ့ကျသော အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညီလာခံခန်းမကြီး၌ ကျင်းပသည့် ညီလာခံပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ညီလာခံကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ညီလာခံသို့ နိုင်ငံပေါင်း ၁၅၀ ကျော်မှ လူထုအကြား ထင်ပေါ်ကျော်ကြားသည့်ပုဂ္ဂိုလ်များ၊ နိုဘယ်ဆုရပုဂ္ဂိုလ်များ၊ အစိုးရနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ သိပ္ပံပညာရှင်များ၊ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တို့မှ ပညာရှင်များ၊ လူငယ်ခေါင်းဆောင်များ၊ အားကစားသမားများ၊ အာကာသယာဉ်မှူးများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတကာမှ လူသိများသည့် သတင်းမီဒီယာများမှ သတင်းသမား စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်၌ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. SHOLBAN KARO-OOL နှင့်တွေ့ဆုံပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာနှင့် မြန်မာနိုင်ငံတွင် မကြာမီကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်နှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်သည့် အခြေအနေများကိုဆွေးနွေးကြပြီး ဒူးမားလွှတ်တော်ရှိ ပြတိုက်အတွင်း လေ့လာခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Russian Presidential Academy မှ Vice Rector ဖြစ်သူ Mr. Andrey Margolin ၏ ဖိတ်ကြားမှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ Russian Presidential Academy of National Economy and Public Administration (RANEPA) သို့သွားရောက်ပြီး Economic Development of Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး တက္ကသိုလ်ဝင်းအတွင်းရှိ စာသင်ဆောင်များနှင့် အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

စက်တင်ဘာ ၂၃ ရက် ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ (၃၃) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ (၃၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဂုဏ်ပြုဆုရရှိသည့် ဝန်ထမ်းများ တက်ရောက်ကြသည်။




နယ်စပ်ရေးရာဝန်ကြီးဌာန၏ (၃၃) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အမှာစကားပြောကြားစဉ်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နှစ်ပတ်လည်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပပေးရခြင်းမှာ မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများ အနေဖြင့် လုပ်သက်နှစ် ၃၀ အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်မှု၊ လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်မှု၊ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သည့်ကာလအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ထမ်းဆောင်မှု၊ သင်တန်းများတွင် ထူးချွန်စွာ ဆောင်ရွက်နိုင်မှု၊ မွေးမြူရေး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မှု၊ ရုံးခန်း၊ ရုံးပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်နိုင်မှု၊ အားကစားထူးချွန်မှု၊ သုံးနှစ်တာကာလအတွင်း ခွင့်ခံစားခြင်းမရှိမှု၊ ၂၅ ကြိမ်နှင့်အထက် သွေးလှူဒါန်းမှု၊ ပြည်ပ စာတမ်းဖတ်ကြားမှုများနှင့် အထိမ်းအမှတ် ပြိုင်ပွဲများတွင် ထူးချွန်စွာ ဆောင်ရွက်နိုင်မှု၊ ရုံးလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှု၊ ဝန်ထမ်းအိမ်ရာများတွင် သန့်ရှင်းရေးနှင့် စိုက်ပျိုးရေး ဆောင်ရွက်နိုင်မှုတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ပေးရခြင်း ဖြစ်ပါကြောင်း။

နှစ်ပတ်လည်နေ့အခမ်းအနား၌ ဝန်ထမ်းများ စိတ်အပန်းပြေပျော်ရွှင်စေရန်အတွက် ဗလာမပါ ကံစမ်းမဲ ဖွင့်ဖောက်ခြင်းကိုလည်း ထည့်သွင်း ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ဝန်ထမ်းများ အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူများအတွက် စေတနာထားရှိပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိပြီး အားထားရသည့် ဝန်ထမ်းကောင်းများအဖြစ် ကျရာအခန်းကဏ္ဍ၌ စည်းလုံးညီညွတ်ပျော်ရွှင်စွာဖြင့် ဝိုင်းဝန်းလက်တွဲပြီး ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့် စွမ်းရည်တို့ကို မြှင့်တင်၍ ဆက်လက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် ဂုဏ်ပြုဆုရရှိသူများ၊ ကံစမ်းမဲပေါက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုများနှင့် ဆုမဲပစ္စည်းများကို လက်ဝယ်အရောက် ပေးအပ်ကာ ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ရေကူးကန်နှင့် ဘောလုံးကွင်း ပြန်လည်ပြုပြင်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးရေကူးကန်၊ ဘောလုံးကွင်းပတ်လည်နှင့် အထူးတန်းပွဲကြည့်စင်တို့ ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ဝဏ္ဏသိဒ္ဓိရေကူးကန်အတွင်းရှိ လေ့ကျင့်ရေးကန် အုတ်နံရံပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ရေသန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေကူးကန်သို့ သွယ်တန်းထားသည့် ရေလိုင်း၊ မီးလိုင်းများ ကောင်းမွန်စေရေး ပုံမှန်စစ်ဆေးဆောင်ရွက်သွားရန်နှင့် ပြိုင်ပွဲကန်နံရံ၊ ဒိုင်ဗင်ကန်နှင့် ပြိုင်ပွဲကန်များ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။




ထို့နောက် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၏ ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်၊ အဆောက်အအုံများ ရေရှည်တည်တံ့စေရန်၊ သဘာဝဘေးအန္တရာယ်ဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်စေရန်အတွက် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး ကျွမ်းကျင်သူများကိုယ်တိုင် စိစစ်ကြပ်မတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၁၅) သင်တန်းဆင်း





**ရန်ကုန် စက်တင်ဘာ ၂၄**

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၅)၏ သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အား အလေးပြုပြီး ဆက်လက်၍ နိုင်ငံတော်အလံအား အလေးပြုကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုနှင့် စာပေထူးချွန်ဆု၊ သင်တန်းသူ စံပြဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ကာ သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ (ပညာဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၂၁ ဦး၊ သင်တန်းသူ ၂၄၉ ဦး စုစုပေါင်း ၃၇၀ တို့တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၁၄ ရက်မှ စက်တင်ဘာ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသိဒ္ဓိရပ်ကွက် ဗုဒ္ဓရတနာပရဟိတကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာနှင့်အဝန်း အားသွန်ခွန်စိုက် ဖြည့်ကျင့်စီမံဆောင်ရွက်ရမည့် သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး

ကြည်ထွန်း(လူမှု)



ကမ္ဘာ့နိုင်ငံအသီးသီး၌ အမျိုးမျိုးအဖုံဖုံ ရင်ဆိုင်ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များနှင့်အတူ တရိပ်ရိပ် တိုးပွားများပြားလာသော သက်ကြီးပုဂ္ဂိုလ်များအရေးကား ၂၁ ရာစု၏ အဓိက စိန်ခေါ်မှုကြီးများဖြစ်လာပြီ။

**သက်ကြီးသူများတိုးလာသော ကျွန်ုပ်တို့ကမ္ဘာ**

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၁၉ ခုနှစ်က အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်ဦးရေ ၇၀၃ သန်း ရှိရာမှ ဆယ်စုနှစ်သုံးခုအကြာ ၂၀၅၀ ပြည့်နှစ်ရောက်လျှင် နှစ်ဆတိုးကာ ၁၀၅ ဘီလီယံရှိလာတော့မည်။ ကမ္ဘာ့အရှေ့ဘက်ခြမ်းနှင့် အရှေ့တောင်အာရှဒေသတွင် ၂၀၁၉ ခုနှစ်တွင် ၂၆၁ သန်းသာရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၅၇၃ သန်းရှိလာမည်ဖြစ်၍ သက်ကြီးတိုးပွားမှု အများဆုံးဒေသဖြစ်လာတော့မည်။ ယင်းနောက်တွင် ဥရောပနှင့် မြောက်အမေရိကတို့က သက်ကြီးအရေအတွက်သန်း ၂၀၀ ဖြင့် ဒုတိယအများဆုံးဒေသများဖြစ်လာမည်။ မြောက်အာဖရိကနှင့် အနောက်အာရှဒေသတို့တွင် အမြန်ဆုံးတိုးပွားလာမည်ဖြစ်ရာ ၂၀၁၉ ခုနှစ်တွင် ၂၉ သန်းသာရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၉၆ သန်းအထိ (၂၂၆ ရာခိုင်နှုန်း) တိုးပွားလာမည်။ ဒုတိယအမြန်ဆုံး တိုးပွားလာမည့်ဒေသမှာ အာဖရိကဆာဟာရဒေသဖြစ်ရာ ၂၀၁၉ ခုနှစ်တွင် ၃၂ သန်းရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၁၀၁ သန်း (၂၁၈ ရာခိုင်နှုန်း)အထိ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။

ဆန့်ကျင်ဘက်အားဖြင့် ကမ္ဘာ့အခြားနေရာဒေသများအားလုံးထက် သက်ကြီးပုဂ္ဂိုလ်ဦးရေ သိသိသာသာများနှင့်နေပြီးဖြစ်သည့် ဩစတြေးလျနှင့် နယူးဇီလန်တို့တွင် ၈၄ ရာခိုင်နှုန်း၊ ဥရောပနှင့် မြောက်အမေရိကတို့တွင် ၄၈ ရာခိုင်နှုန်းဖြင့် သက်ကြီးတိုးပွားမှုနှုန်း နည်းနေမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအကြားတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထက် ဖွံ့ဖြိုးမှုလုံးဝမရှိသောနိုင်ငံများတွင် ကမ္ဘာ့သက်ကြီးပုဂ္ဂိုလ်ဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိလာမည်ဖြစ်သည်။

**အမှည့်တဝင်းဝင်း၊ အကင်းတဖြိုက်ဖြိုက်**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း သက်ကြီးတိုးပွားနှုန်း မြင့်တက်လာသည်ဖြစ်ရာ ၁၉၈၃ ခုနှစ်တွင် အသက် ၆၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၂ ဒသမ ၂ သန်း (နိုင်ငံ့လူဦးရေ၏ ၆ ဒသမ ၄ ရာခိုင်နှုန်း)၊ ၂၀၁၄ ခုနှစ်တွင် ၄ ဒသမ ၅ သန်း (နိုင်ငံ့လူဦးရေ၏ ၈ ဒသမ ၉ ရာခိုင်နှုန်း)၊ ၂၀၁၉ ခုနှစ်တွင် ၅ ဒသမ ၂ သန်း (နိုင်ငံ့လူဦးရေ၏ ၁၀ ဒသမ ၁ ရာခိုင်နှုန်း)အထိ တိုးလာပြီဖြစ်ကြောင်း ကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်းအချက်အလက်များက သက်သေပြနေပါသည်။ မဝေးတော့သည့်အနာဂတ်တွင် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အမှည့်တဝင်းဝင်း အကင်းတဖြိုက်ဖြိုက် ဆိုသည့်အတိုင်း အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဦးရေက ကလေးဦးရေနှင့် တူညီလုနီးပါးဖြစ်နေမည်ဖြစ်ကြောင်း လူဦးရေပညာရှင်များက ခန့်မှန်းတွက်ချက်ထားပါသည်။

**ကုလသမဂ္ဂအခြေခံမူများ**

ဤသို့ ကမ္ဘာတစ်ဝန်း သက်ကြီးပုဂ္ဂိုလ်များ တိုးပွားလာမည့်အရေးကို ချင့်မြော်တွေးဆကာ ကုလသမဂ္ဂက ဦးဆောင်၍ ၁၉၈၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၂ ခုနှစ်တွင် တစ်ကြိမ် ကမ္ဘာ့သက်ကြီးပုဂ္ဂိုလ်များညီလာခံ နှစ်ကြိမ်ကျင်းပကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့သည်။ နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့"ဟု ဂုဏ်ပြုသတ်မှတ်ပေးခဲ့သည်။ သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝလုံခြုံမှုရပိုင်ခွင့်များရရှိလာစေရန်အလို့ငှာ ၁၉၉၁ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက အခြေခံမူများချမှတ်ပေးခဲ့သည်။ ယင်းတို့မှာ သက်ကြီးပုဂ္ဂိုလ်များ စားဝတ်နေရေးနှင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းကျန်းမာရေး စောင့်ရှောက်မှုများရရှိခွင့်၊ အခြားဝင်ငွေရှာဖွေနိုင်သည့် အခွင့်အလမ်းများရရှိခွင့်၊ အသင်းအဖွဲ့များတွင် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်၊ ရေရှည်ဘဝဖွံ့ဖြိုးမှုအတွက် လူ့အဖွဲ့အစည်း၏ ပညာရေး၊ ယဉ်ကျေးမှုနှင့် အပန်းဖြေမှုဆိုင်ရာ အရင်းအမြစ်များရရှိသုံးစွဲခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် လေးစားထိုက်သူများဖြစ်စေခွင့် စသည်တို့ဖြစ်ပါသည်။

**သက်ကြီးသူများဘဝ စိုပြည်လှပစေဖို့**

အထက်ပါအခြေခံမူများနှင့်အညီ သက်ကြီးပုဂ္ဂိုလ်များ၏ လိုအင်ဆန္ဒ၊ ကျန်းမာပျော်ရွှင်လိုမှု၊ ရရှိခံစားအပ်သော အခွင့်အရေးများကို အထူးအလေးထားဖော်ဆောင်ပေးရန် မျိုးဆက်သစ်များအားလုံးတွင် တာဝန်ရှိပါသည်။ သို့ဖြစ်ရာ ကမ္ဘာတစ်ဝန်းလုံး၌ ဒေသအလိုက် မတူကွဲပြားသော ပထဝီဝင်အနေအထား၊ ယုံကြည်ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ခနအင်အား စသည်တို့နှင့် အပ်စပ်လျော်ညီသော အစီအမံများ၊ မူဝါဒများချမှတ်၍ အားသွန်ခွန်စိုက် ဆောင်ရွက်ကြဖို့လိုပြီ။ သက်ကြီးပုဂ္ဂိုလ်များဘဝ ပိုမိုစိုပြည်လှပစေရန် ဖြည့်ဆည်းပေးလိုသောဆန္ဒ၊ ချမ်းသာသုခပြည့်ဝစေလိုသောစေတနာ၊ဆောင်ရွက်ပေးနိုင်သော လုပ်ပိုင်ခွင့်များဖြင့် ဘက်စုံထောင့်စုံက ဖြည့်စွမ်းပေးကြရပါမည်။ ဤသို့ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ၎င်းတို့အတွက် စိုးရိမ်သောကဖြစ်ရမှုများ၊ နောက်ဆံတင်းရမှုများမရှိဘဲ မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုးနှင့် မိမိ မိသားစုအတွက် ပြင်းပြသော ရည်မှန်းချက်နှင့် ဘဝရှင်သန်ရပ်တည်မှုအတွက် ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းဆောင်တာအဖြာဖြာကို လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ ဆောင်ရွက်နိုင်မည်မှာ မလွဲပေ။ ထို့ကြောင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဦးတည်ချက်ဆောင်ပုဒ်ကို "Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights" ဟု ချမှတ်တိုက်တွန်း နှိုးဆော်လိုက်ခြင်းဖြစ်ပေမည်။

**ကျားကြီးခြေရာကြီးဆောင်ရွက်နိုင်မှု**

ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ အမေရိကန် စသည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးအရေအတွက်သည် နိုင်ငံ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအထက်သို့ ရောက်ရှိနေပြီဖြစ်ရာ သက်ကြီးဝန်ဆောင်မှုလုပ်ငန်းများကို ယခင်ကထက် တိုးမြှင့်ဆောင်ရွက်နေရပေပြီ။ အထူးသဖြင့် သက်ကြီးပုဂ္ဂိုလ်ဦးရေ စံချိန်တင်မြင့်တက်နေသော ဂျပန်နိုင်ငံတွင် လုပ်သားအင်အားရှားပါးမှုကြောင့် ပြည်ပနိုင်ငံများမှ ကျွမ်းကျင်စောင့်ရှောက်ရေးဝန်ထမ်းများ ငှားရမ်းရသည်သာမက စက်ရုပ်သူနာပြုများကို တွင်ကျယ်စွာ အသုံးပြုနေရပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် Waku Waku Japanese Language Academy မှ ဂျပန်ဘာသာစကားသင်တန်းနှင့် သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေး သင်တန်းဆင်းများစွာတို့သည် ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်လျက်ရှိကြသည်။ အချို့နိုင်ငံများတွင် ဆေးပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူသည့်ခရီးသွားလုပ်ငန်း (Medical Tourism) သာမက သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုခရီးသွားလုပ်ငန်း (Elderly Care Tourism-ECT) ကိုပါ တိုးချဲ့ဆောင်ရွက်နေပြီဖြစ်သည်။ တရုတ်နိုင်ငံတွင်လည်း သက်ကြီးပုဂ္ဂိုလ်များအတွက် ပျော်ရွှင်ဖွယ်ခရီးသွားအတွေ့အကြုံများ ဖန်တီးပေးရန်

> **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခံယူကျင့်သုံးသော ကျန်းမာတက်ကြွ သက်ကြီးဘဝကိုရရှိအောင် ကူညီဆောင်ရွက်ပေးကြရပါမည်။ ၎င်းတို့ ဝါသနာထုံရာ နယ်ပယ်တွင် လွတ်လပ်စွာ သက်ဝင်လှုပ်ရှားနိုင်မည့်** Senior Activity Center **များ၊ သက်တူရွယ်မျှ မိတ်ဆွေအပေါင်းအသင်းများနှင့် မကြာခဏ တွေ့ဆုံနှီးနှောနိုင်မည့်** Age Friendly Environment **အစီအစဉ်များ၊ ပရဟိတသင်္ဂဟလုပ်ငန်းများတွင် ပါဝင်မွေ့လျော်နိုင်ရေး စသည်ဖြင့် စိတ်ပျိုကိုယ်နုဇရာကိုအန်တုနိုင်သူများဖြစ်အောင် ဖြည့်ဆည်းပေးကြရပါမည်။ အစိုးရ/ပုဂ္ဂလိက သက်ကြီးနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ တိုးပွားလာရန်လိုအပ်သကဲ့သို့ အနယ်နယ်အရပ်ရပ်ရှိ ဘိုးဘွားရိပ်သာများအရှည်ခံ့၍ တည်တံ့အောင် ဝိုင်းဝန်းထောက်ပံ့လှူဒါန်း**

နောက်ဆုံးပေါ် ခရီးသွားဝန်ဆောင်မှုများဖြင့် သက်ကြီးပုဂ္ဂိုလ် အပန်းဖြေရထားပြေးဆွဲခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဟု သိရသည်။ အထက်ပါဖွံ့ဖြိုးပြီးနိုင်ငံအချို့၏ ကျားကြီးခြေရာကြီး ဆောင်ရွက်နိုင်မှုများအပေါ် မုဒိတာပွားမိပါသည်။ သို့ရာတွင် ခနအင်အားမကြွယ်ဝသေးသော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိဒေသ၊ မိမိနိုင်ငံနှင့် လျော်ညီသော "အဖိုးနည်းဝန်ပါ" သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။

**အသက်အရွယ်ကြီးသူတို့ကို အလေးအမြတ်ပြု**

အပရိဟာနိယဟူသည့် တိုင်းပြည်စည်ကားတိုးတက်ကြောင်းတရား ခုနစ်ပါးတွင် **"အသက်အရွယ်ကြီးသူတို့ကို အလေးအမြတ်ပြုခြင်း"**သည် တစ်ပါးအပါအဝင်ဖြစ်သည်။ နိုင်ငံတော်အစိုးရက သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းနှင့် မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို ၂၀၁၄ ခုနှစ်ကတည်းက ချမှတ်ဆောင်ရွက်လျက်ရှိသည်။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆)နှင့် နည်းဥပဒေများ (၂၀၂၂) တို့ကိုပြဋ္ဌာန်းကာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့် ဒေသဆိုင်ရာ အဆင့်ဆင့်သော ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ သက်ကြီးလူမှုရေး ပင်စင်ထောက်ပံ့မှုကို ဆောင်ရွက်ခဲ့သည်။ တစ်နိုင်ငံလုံးရှိ အသိအမှတ်ပြု ဘိုးဘွားရိပ်သာများနှင့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များကို နှစ်စဉ် ထောက်ပံ့မှုပြုလျက်ရှိသည်။ များမကြာမီ အရွယ်တစ်ခုသို့ရောက်ရှိလာတော့မည့် လူငယ်လူရွယ်များ ဘဝနောင်ရေးစိတ်အေးနိုင်ရန်နှင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာ၊ ကျန်းမာရေး၊ လုံခြုံရေး၊ အမှီအခိုကင်းကင်းနှင့် ရပ်တည်နိုင်ရေးအတွက် **"အမျိုးသားအဆင့် သက်ကြီးမူဝါဒ"** (မူကြမ်း) ရေးဆွဲပြီးဖြစ်သည်ဟု သိရ၍ ဝမ်းမြောက်ကြည်နူးမိပါသည်။

**လူငယ်နှင့် သက်ကြီးပုဂ္ဂိုလ် စောင့်ရှောက်ရေးတာဝန်**

လူကြီးမိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို တန်ဖိုးထားခြင်းနှင့် စောင့်သိရိုသေခြင်းသည် ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ရပ် ဖြစ်ပါသည်။ ထိုအစဉ်အလာကို ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်၍ လက်ဆင့်ကမ်း ထမ်းရွက်ကြရေးမှာ မျိုးဆက်သစ်တိုင်း၏ တာဝန်ပင်ဖြစ်သည်။ သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်မှုသည် မလွှဲသာ၍ စောင့်ရှောက်ရမည့် ဝတ္တရားတစ်ခုမဟုတ်ဘဲ မလွဲမသွေ သားစဉ်မြေးဆက် ထမ်းရွက်ရမည့်တာဝန်ဖြစ်ကြောင်း မျိုးဆက်သစ်များ ခံယူကျင့်သုံးတတ်အောင် ရှေ့ဆောင်လမ်းညွှန်မှုပြုကြရပါမည်။ "စာရိတ္တ ဖွံ့ဖြိုးမှုအစ ပြည်သူ့နီတိက" ဆိုသည့်အတိုင်း အခြေခံပညာကျောင်းများ၌ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်ပို့ချရာတွင် လည်းကောင်း၊ ဓမ္မကျောင်းတော်ခေါ် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများတွင် **စာမျက်နှာ ၇ သို့**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၄ ရက်

သာ လိုတော့သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ထားရှိမှု၊ နိုင်ငံပြင်ပ ကြိုတင်မဲပေးခြင်းနှင့် နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များ၊ ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားမည့်အခြေအနေ၊ ကိုယ်စားလှယ်လောင်း လျှောက်ထားမှု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

## ရှမ်းပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ကျင်းပခြင်း၊ ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) အသုံးပြုဆောင်ရွက်ခြင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုနည်းဆိုင်ရာများ၊ ကိုယ်စားလှယ်လောင်းများကို စနစ်တကျစိစစ်ရန်နှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းများ စနစ်တကျခွင့်ပြုရေးနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် သတင်းရယူခွင့်ပြုရေးဆိုင်ရာကိစ္စရပ်များ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရေးနှင့် ကြိုတင်မဲပေးခြင်း၊ မဲရုံတွင်းမဲပေးခြင်းနှင့် ရွေးကောက်ပွဲရလဒ်များ စနစ်တကျ ထုတ်ပြန်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရေးနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲပေးစက်ဆိုင်ရာနည်းပညာ အထောက်အကူပြုအဖွဲ့ဝင်များကို စုဖွဲ့သင်တန်းပေး လေ့ကျင့်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက် လာကြသူများက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ တောင်ကြီးခရိုင်အတွင်း ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များအတွက် (MEVM) မြန်မာအီလက်ထရောနစ် မဲပေးစက်များ ဖြန့်ခွဲ၊ သယ်ဆောင်အသုံးပြုမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းဘဲတန်းမြို့နယ်၌ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့် သင်တန်းကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ ဇေကရီခန်းမ၌ ကျင်းပသည်။

ဦးစွာ ပန်းဘဲတန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးသိန်းလင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးရန်ပြင်ဆင်ခြင်း၊ အီလက်ထရောနစ်မဲပေးစက်များထုတ်ယူခြင်းနှင့် ထုတ်ပေးခြင်း၊ လုံခြုံရေးအတွက် တာဝန်ပေးအပ်ခြင်းတို့ကို ပြောကြားသည်။ ထို့နောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးမင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✪ စာမျက်နှာ ၆ မှ

လည်းကောင်း လူကြီး မိဘ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို အထူးသိမြင်၍ ပြန်လည်ပေးဆပ်သင့်ကြောင်းကို ယခင်ကထက်ပို၍ အကျယ်တဝင့် ဆွေးနွေးပို့ချသင့်ပေသည်။ ထို့အပြင် အမြို့မြို့ အနယ်နယ်တွင် ကျင်းပနေကြသော လူငယ်ဆွေးနွေးပွဲများ၊ စကားဝိုင်းများ၊ ဟောပြောပွဲနှင့် Talk Show များတွင် **"လူငယ်နှင့် သက်ကြီးပုဂ္ဂိုလ် စောင့်ရှောက်ရေးတာဝန်"** ဟူသော ခေါင်းစဉ်တစ်ရပ်ကို ထည့်သွင်းဆွေးနွေးရန် အကြံပြုလိုပါသည်။ သို့မှသာ တစ်ယောက်ကစ တစ်ရာဆိုသည့်အတိုင်း အသိမကြွယ်သေးသော ကလေးသူငယ်များစွာကို စည်းရုံးစေ့ဆော်နိုင်မည်ဖြစ်ပါသည်။

### ကျန်းမာတက်ကြွသော သက်ကြီးဘဝရရှိကြဖို့

တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းကို ဖော်ဆောင်ရာတွင် သက်ကြီးပုဂ္ဂိုလ်များအားလုံး ရုပ်ပိုင်းရော စိတ်ပိုင်းပါ ကျန်းမာကြဖို့လိုသည်။ အစောင့်ရှောက်ခံ၊ အပြုစုခံ လူတစ်စုမဟုတ်ဘဲ ၎င်းတို့၏ ကာယစွမ်းအား၊ ဉာဏစွမ်းအားဖြင့် လူ့ဘောင်လောကကို ဆက်လက်အကျိုးပြုနိုင်မည့် အင်အားစုကြီးတစ်ရပ်ဖြစ်လာဖို့ လိုသည်။ လုပ်နိုင်ကိုင်နိုင်စွမ်းရှိသေးသော သက်ကြီးပုဂ္ဂိုလ်များအတွက် သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးကြရပါမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခံယူကျင့်သုံးသော ကျန်းမာတက်ကြွ သက်ကြီးဘဝ (Active and healthy ageing) ကိုရရှိအောင် ကူညီဆောင်ရွက်ပေးကြရပါမည်။ ၎င်းတို့ဝါသနာထုံရာနယ်ပယ်တွင် လွတ်လပ်စွာ သက်ဝင်လှုပ်ရှားနိုင်မည့် Senior Activity Center များ၊ သက်တူရွယ်မျှ မိတ်ဆွေအပေါင်းအသင်းများနှင့် မကြာခဏ တွေ့ဆုံနီးနှောနိုင်မည့် Age Friendly Environment အစီအစဉ်များ၊ ပရဟိတသင်္ဂဟလုပ်ငန်းများတွင် ပါဝင်မွေ့လျော်နိုင်ရေးစသည်ဖြင့် စိတ်ပျိုကိုယ်နု ဇရာကို အန်တုနိုင်သူများဖြစ်အောင် ဖြည့်ဆည်းပေးကြရပါမည်။ အစိုးရ/ပုဂ္ဂလိက သက်ကြီးနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာများ တိုးပွားလာရန်လိုအပ်သကဲ့သို့ အနယ်နယ်အရပ်ရပ်ရှိ ဘိုးဘွားရိပ်သာများ အရှည်ခံ့၍ တည်တံ့အောင် ဝိုင်းဝန်းထောက်ပံ့လှူဒါန်းကြရပါမည်။ ဝန်ထမ်းဟောင်းအသင်းများအပါအဝင် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအသင်းများ ပိုမိုခိုင်မာအားကောင်းလာရေးအတွက်လည်း ပံ့ပိုးကူညီပေးကြရပါမည်။

သို့ဖြစ်၍ ဖြည့်ကျင့်စီမံဆောင်ရွက်ဖွယ်ရာ အဖြာဖြာကို ဘက်စုံထောင့်စုံမှ ရှုမြင်သုံးသပ်၍ အားသွန်ခွန်စိုက်ဆောင်ရွက်ကြရပါမည်။ သို့မှသာ မိမိတို့၏ လူကြီးသူမ သက်ကြီးဝါကြီးများကို လက်ငင်းကျေးဇူးပြုနိုင်မည် ဖြစ်သည့်အပြင် နောင်တိုးပွားလာမည့် သက်ကြီးပုဂ္ဂိုလ်များကိုလည်း ဝမ်းပန်းတသာ လက်ကမ်းကြိုဆို စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် ညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လာရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် လမ်းညွှန်မှုများ ပေးထားပြီးဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ပြသမှုတစ်ခုတည်းသာမက အနုပညာလုပ်ငန်းများစွာ ဘက်စုံအသုံးပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မတ်လတွင် ဖွင့်လှစ်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ပေးရန် လိုပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံအား အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် ယာဉ်ရပ်နားရန်နေရာများကိုပါ တစ်ပါတည်း စဉ်းစားဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ရုပ်ရှင်ရုံသို့ လာရောက်ကြသည့် ပရိသတ်များ အဆင်ပြေချောမွေ့စွာ လာရောက်နိုင်ရေးအတွက် သင့်လျော်သည့်နေရာတွင် လူကူးခုံးကျော်တံတား သို့မဟုတ် မြေအောက်လမ်းကူး လူသွားဥမင် (Underpass) တည်ဆောက်ရေးကိစ္စများကိုပါ ကြိုတင်တွက်ဆ စဉ်းစားဆောင်ရွက်ပေးကြရန် လိုပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌများက လေအေးပေးစက်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အဆောက်အအုံ ပြုပြင်မွမ်းမံခြင်းဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အသံ(Audio)၊ မီး(Lighting)၊ ပြသခြင်း (Projection)ဆိုင်ရာ ပြုပြင်မွမ်းမံရန် လိုအပ်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အဆောက်အအုံ ပြုပြင်မွမ်းမံခြင်း၊ ဗိသုကာဆိုင်ရာ နည်းပညာများ၊ လျှပ်စစ်ကဏ္ဍ၊ ရေနှင့် မိလ္လာကောင်းမွန်စေရေး၊ လူသွားစင်္ကြံများ စနစ်တကျဖြစ်စေရေး၊ ပြဇာတ်အပြင်အဆင် စသည်တို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ရမည်းသင်း စက်တင်ဘာ ၂၄**

ရမည်းသင်းမြို့နယ် ကင်မွန်းခြံ-ထီးလှိုင်လမ်းမှ ဇီးဖြူကုန်းရွာသွားလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်၊ ရမည်းသင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်လင်းနှင့်အဖွဲ့တို့က စက်တင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရမည်းသင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာရာတွင် အဆင်ပြေစေရန်အတွက် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၄၅ ဒသမ ၅၇ သန်းဖြင့် ကင်မွန်းခြံ-ထီးလှိုင်လမ်းမှ ဇီးဖြူကုန်းရွာသွားလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ကွင်းဆင်းစစ်ဆေးမှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၀၀၀ ကျော် ဖန်တီးပေးနိုင်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၉/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။



အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ထုတ်လုပ်သည့် ပစ္စည်းနမူနာပြသထားမှုကို ကြည့်ရှုစစ်ဆေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုတို့ကို အတည်ပြုပေးခဲ့ရာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ပဲအမျိုးမျိုးနှင့် နှမ်း သန့်စင်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆန်ထွက်ပစ္စည်းကြိတ်ခွဲသန့်စင် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ Mattress နှင့် Foam ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် wearing apparel ချုပ်လုပ်ခြင်း လုပ်ငန်းတို့ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ် ၆၄၇၃ ဒသမ ၈၀၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၉၃ သန်းဖြစ်ပြီး ၁၄၆၈ ဦးအတွက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်မည့်လုပ်ငန်းနှစ်ခုအပါအဝင် ကုမ္ပဏီ ၂၄ ခု၏ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**မော်လမြိုင် စက်တင်ဘာ ၂၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၊ တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၅)၊ မဟာဗျူဟာအစီအစဉ် ၅.၃.၁ အရ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မွန်ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇာနည်မြင့်ဝေက “စေ့စပ်ဖြေရှင်းရေး မိတ်ဆက်ခြင်း” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိသွင်သွဲ့သွဲ့က “တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးထွန်းထွန်းအောင်က “စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်း” ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။



**စည်သူ(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကျော်ခဲ့သည့်လမ်းများ သန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

စက်တင်ဘာ ၂၃ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီး ရပ်ကွက် သစ်တောလမ်း လမ်းမပေါ်ရေကျော်၍ တင်ကျန်ခဲ့သည့်နုန်းမြေများ ဖယ်ရှားရှင်းလင်းနေမှုနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဝင်းအတွင်း တင်ကျန်ခဲ့သည့် နုန်းမြေများ ဖယ်ရှားသန့်ရှင်းနေမှုကိုလည်းကောင်း၊ နဝဒေးရပ်ကွက် ပုဗ္ဗသီရိမြို့ပတ်လမ်းမကြီး ရေကျော်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် စနစ်တကျဆောင်ရွက်သွားရန်၊ အမှိုက်များပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်သွားရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် လိုအပ်သည့်ရေထုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရေတာရှည်မြို့နယ်၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်

ရေတာရှည် စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်၍ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအမှတ်စဉ်(၂/၂၀၂၅)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ တောင်သူလယ်သမားသင်တန်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေးက အမှာစကားပြောကြားပြီး သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

သင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တောင်ငူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် ဦးစီးမှူးများနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များက တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်မြို့တို့မှ တောင်သူ ၄၀ အား ပို့ချမည်ဖြစ်ရာ သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၆)ကြိမ်မြောက် အစည်းအဝေး ကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၄

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အဖွဲ့ဝင်များ၊ ပိုးသတ်ဆေး နည်းပညာ ကော်မတီဝင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ပိုးသတ်ဆေး တင်သွင်းရောင်းချသူများ၊ သီးနှံ တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်နှင့် တောင်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပိုးသတ်ဆေးဓာတ်ကြွင်း ပြဿနာများကို ဖြေရှင်းရာတွင် စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ထုတ်လုပ်မှုအလေ့အကျင့်ကောင်းများသည် ပညာရှင်များ၊ တောင်သူများ၊ ပိုးသတ်ဆေးတင်သွင်း ရောင်းချသူများ၊ သီးနှံတင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များ အားလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ကြောင်း၊ ရေရှည်တွင် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာ၌ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ သုံးစွဲမှုများကို လျှော့ချရန် လိုအပ်ကြောင်း ပြောကြားသည်။

**စိစစ်ဆွေးနွေးတင်ပြ**

ထို့နောက် အဖွဲ့အတွင်းရေးမှူးက (၄၆)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်မည့် လုပ်ငန်းစာတွဲများကို တင်ပြရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များက ပိုးသတ်ဆေး ၁၆၈ မျိုးအား မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရေး စိစစ်ဆွေးနွေးတင်ပြကြသည်။

ပိုးသတ်ဆေးဥပဒေ အခန်း(၃) အရ မှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးမှတ်ပုံတင် လျှောက်ထားတင်ပြလာခြင်းများကို မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရန် ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ တင်ပြရန်လိုအပ်သော အထောက်အထားအချက်အလက်များကို သတ်မှတ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ လူနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်မြင့်မားစေသော ပိုးသတ်ဆေးများကို သုံးစွဲရန်ပိတ်ပင်တားဆီးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျကိုင်တွယ် သုံးစွဲစွန့်ပစ်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ လုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ ပါဝင်သော နည်းပညာကော်မတီက လိုအပ်သည့် သတင်းအချက်အလက်များကို ပြုစုတင်ပြခြင်း၊ စိစစ်သုံးသပ် အကြံပြုခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ သီးနှံဖျက်ပိုးအပေါ် ထိရောက်စေနိုင်မှု (Efficacy) လူနှင့် အခြားအကျိုးပြုသတ္တဝါများအပေါ် အဆိပ်သင့်နိုင်မှု(Toxicity)များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၂၉ ရက်အထိ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ အစည်းအဝေး (၄၅)ကြိမ် ကျင်းပခဲ့ပြီး စုစုပေါင်းပိုးသတ်ဆေး ၄၄၉၅ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သာယာဝတီမြို့၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်

သာယာဝတီ စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအမှတ်စဉ်(၂/၂၀၂၅-၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက သာယာဝတီမြို့ အင်းရွာတောင်သူလယ်သမားသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်းက ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ပေါင်းတည်၌ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး ဆွေးနွေး

ပေါင်းတည် စက်တင်ဘာ ၂၄

ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ စပါး၊ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသူတောင်သူများ၊ စိုက်ပျိုးရေးဆေးအရောင်း ကိုယ်စားလှယ်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၀၂ ဦး တက်ရောက်ကြသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက တောင်သူများ၊ စိုက်ပျိုးရေးသွင်းအားစုရောင်းချသည့်အရောင်းကုမ္ပဏီများ၊ အရောင်းဆိုင်များ၊ စိုက်ပျိုးရေး ထွက်ကုန်များကို ကုန်သွယ်မှုပြုနေသူများ၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချနေသူများ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်သည့် စိုက်ပျိုးရေး ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မာမာက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ အင်းဆက်ဖျက်ပိုးများအား ဘက်စုံကာကွယ်ရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံရောဂါများအား ဘက်စုံကာကွယ်ရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံဖျက်ပေါင်းပင်များအား ဘက်စုံကာကွယ်ရေး နည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ မြေဆီလွှာစီမံခန့်ခွဲမှုနည်းလမ်းများနှင့် ဓာတ်မြေဩဇာ စနစ်တကျ အသုံးပြုနည်းများနှင့် မျိုးကောင်းမျိုးသန့် သုံးစွဲရေး အကြောင်းများကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရွှေသား(IPRD)

(၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ တတိယဆုရဆောင်းပါး)

# ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ်ဖော်ဆောင်စို့

ဖိုးညို (မင်းကင်း)



ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး စီးပွားရေးလုပ်ငန်းကြီးများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး မီးခိုးမထွက်သောစက်ရုံ ( Smokeless Industry)၊ မျက်မြင်မဟုတ်သောပို့ကုန် (Invisible Export)၊ စီးပွားရေးတိုးတက်မှု၏ အင်ဂျင်(An Engine of Economic Growth) စသည်ဖြင့် တင်စားခေါ်ဆိုခြင်းခံရသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဤလုပ်ငန်းသည် အရင်းအမြစ်များထုတ်ယူသုံးစွဲမှုနည်းပါးသဖြင့် စီးပွားရေးလုပ်ငန်းကြီးများမှအစ ကျေးရွာများရှိဈေးသည်များအထိ ဆင့်ပွားအကျိုးသက်ရောက်မှု (Multiplier Effect) ရှိသောလုပ်ငန်းဖြစ်သဖြင့် နိုင်ငံတစ်ဝန်း အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ပါက နိုင်ငံတော်အစိုးရအတွက်သာမက နိုင်ငံသားအားလုံးအတွက်ပါ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများစွာ ရရှိလာနိုင်မည်ဖြစ်သည်။ သို့သော် ခရီးသွားကဏ္ဍအောင်မြင်မှုသည် လျင်မြန်သော်လည်း ရေရှည်မတည်တံ့ပါက သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ယဉ်ကျေးမှုထိခိုက်မှုနှင့် ဒေသခံလူထု၏ အကျိုးမဖြစ်ထွန်းမှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးရန် စဉ်ဆက်မပြတ်ဖော်ဆောင်ရေးသည် အထူးအရေးပါလှပေသည်။

**ခရီးသွားလုပ်ငန်း အဓိပ္ပာယ်အမျိုးအစားနှင့် ဝန်ဆောင်မှုသဘောတရား**

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ခရီးသွားလုပ်ငန်းဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးသည် မိမိအမြဲတမ်းနေထိုင်ရာနေရာမှ အခြားတစ်နေရာသို့ ပုဂ္ဂိုလ်ရေးရည်ရွယ်ချက်အရ သော်လည်းကောင်း၊ စီးပွားရေးအလုပ်ကိစ္စအရ သော်လည်းကောင်း၊ အခြားသောရည်ရွယ်ချက်တစ်ခုခုအရ သော်လည်းကောင်း၊ ၂၄ နာရီထက်မနည်း တစ်နှစ်ထက်မကြာသော ခေတ္တခရီးသွားလာခြင်းကို ဆိုလိုပါသည်။

ခရီးသွားလုပ်ငန်းအမျိုးအစားများကို အပန်းဖြေခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုခရီးသွားလုပ်ငန်း၊ သမိုင်းအမွေအနှစ်များ လေ့လာခြင်းဆိုင်ရာ ခရီးသွားလုပ်ငန်း၊ ဘုရားဖူးခရီးသွားလုပ်ငန်း၊ ပွဲတော်များဆိုင်ရာ ခရီးသွားလုပ်ငန်း၊ တရားဘာဝနာအားထုတ်ခြင်း ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ လူထုအခြေပြုခရီးသွားလုပ်ငန်း၊ သဘာဝခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ခြင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း၊ အစည်းအဝေး၊ ညီလာခံနှင့် ပြပွဲများဆိုင်ရာခရီးသွားလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော်မော်တော်ယာဉ်တန်း ခရီးသွားလုပ်ငန်း၊ အဏ္ဏဝါခရီးသွားလုပ်ငန်း၊ အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်း၊ အားကစား ခရီးသွားလုပ်ငန်း၊ စွန့်စားခရီးသွားလုပ်ငန်းဟူ၍ လူသားတို့၏စူးစမ်းရှာဖွေလေ့လာလိုမှု လိုအင်ဆန္ဒများအရ ခရီးသွားလုပ်ငန်းအမျိုးအစားများ ကွဲပြားခြားနားသည်ကိုလည်း တွေ့ရှိနိုင်သည်။

ခရီးသွားလုပ်ငန်း၌ ထူးခြားဆန်းပြားသော ဝိသေသများရှိသည်။ ခရီးသွားလုပ်ငန်းသည် သွားလာရေး၊ တည်းခိုနေထိုင်ရေးနှင့် အခြားဆက်စပ်သည့် မတူညီသောအမျိုးအစားများဖြင့် ခရီးသည်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရသော ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည်။ ဤသို့ ဝန်ဆောင်မှုပေးရာတွင် ထိတွေ့ကိုင်တွယ်၍ရသောဝန်ဆောင်မှုနှင့် ထိတွေ့ကိုင်တွယ်၍မရသော ဝန်ဆောင်မှုများနှင့် ခရီးသည်ကို အတွေ့အကြုံများစွာပေးစွမ်းသည်။ ထို့ပြင် ဝန်ဆောင်မှုသည် သိုလှောင်၍မရသော ထုတ်ကုန်တစ်မျိုးဖြစ်ပြီး ယနေ့အတွက်ပေးသော ဝန်ဆောင်မှု ဟိုတယ်အခန်းလွတ် သို့တည်းမဟုတ် ဖျော်ဖြေရေးသည် နောက်တစ်ရက်တွင် အသုံးမဝင်တော့ပေ။ ထို့ကြောင့် ခရီးသွားဝန်ဆောင်မှုသည် ဝန်ဆောင်မှုပေးသူက ဝန်ဆောင်မှုပေးနေချိန်တွင် ဧည့်သည်က တစ်ပြိုင်နက်ရယူစားသုံးခြင်း သဘောသဘာဝရှိသည်ဟုဆိုနိုင်သည်။

**ရေရှည်ဖွံ့ဖြိုးရေးသဘောတရားနှင့် စဉ်ဆက်မပြတ်ဖော်ဆောင်ခြင်း**

ရေရှည်ဖွံ့ဖြိုးရေး သဘောတရားကို ၁၉၈၇ ခုနှစ်တွင် ကုလသမဂ္ဂ၏ ဘရန်တလန်ကော်မရှင်က အနာဂတ်မျိုးဆက်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းအား ထိခိုက်မှုမရှိဘဲ လက်ရှိမျိုးဆက်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ဤသဘောတရားသည် ခရီးသွားကဏ္ဍအတွင်း စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာမျှတမှုကို ထိန်းသိမ်းကာ လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း ညွှန်ပြနေသည်။ ထို့အတွက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့က စီးပွားရေးဆိုင်ရာတည်မြဲမှု၊ လူမှုရေးတည်မြဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာတည်မြဲမှုတို့ကို လိုက်နာကျင့်သုံးရန် တိုက်တွန်းထားသည်။ “စဉ်ဆက်မပြတ်ဖော်ဆောင်ခြင်း”ဆိုသည်မှာ တစ်ချိန်တည်းတွင် အစိုးရ၊ လုပ်ငန်းရှင်၊ ဒေသခံလူထုနှင့် ခရီးသွားများအားလုံး ပူးပေါင်းပြီးဆောင်ရွက်သည့် အကောင်အထည်ဖော်ရေးစီမံချက်ကို ဆိုလိုသည်။ ထို့ပြင် စဉ်ဆက်မပြတ်ဖော်ဆောင်ခြင်းသည် ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသော အဓိကအချက်တစ်ချက်ဖြစ်သည်။

**ကမ္ဘာ့ခရီးသွားလုပ်ငန်း**

ယနေ့ခေတ် ကမ္ဘာ့ခရီးသွားလုပ်ငန်းအခြေအနေကို လေ့လာကြည့်မည်ဆိုပါက တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၂၀၂၄ ခုနှစ်တွင် နိုင်ငံတကာခရီးသည် ၁ ဒသမ ၄ ဘီလီယံ ရောက်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှရရှိသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံခန့် ရရှိခဲ့ကြောင်း ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။ ထို့ပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှဝင်ငွေသည် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၁၀ ရာခိုင်နှုန်းရှိပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် အလုပ်လုပ်ကိုင်သူဦးရေ ၃၅၇ သန်းရှိ၍ ကမ္ဘာ့အလုပ်အကိုင်စုစုပေါင်း၏ ၁၁ ရာခိုင်နှုန်းကျော် ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ညွှန်းဆိုချက်**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၇၅ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် စတင်သတ်မှတ်ခဲ့ကာ ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ကမ္ဘာ့စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို အသိအမှတ်ပြုရန်ရည်ရွယ်၍ နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်မှာ “ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ်ဖော်ဆောင်စို့” ဖြစ်သည်။

၂၀၂၅ ခုနှစ် UN Tourism ၏ Concept Note တွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရန် အဓိကအချက်မှာ ထိရောက်သောအုပ်ချုပ်မှုနှင့် အများပါဝင်နိုင်သောစီမံခန့်ခွဲမှုဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းအတွင်း လူငယ်များတက်ကြွစွာပါဝင်နိုင်ရန် လုံလောက်သော လေ့ကျင့်သင်ကြားမှုများပြုလုပ်နိုင်ရန် အစိုးရနှင့်အဖွဲ့အစည်းများ၏အစီအစဉ်ဖြင့် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်းပါရှိသည်။ ထို့နောက် ခရီးသွားလုပ်ငန်း၏စွမ်းအားမြှင့်တင်နိုင်ရန် ဆန်းသစ်တီထွင်မှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုရှိသောမဟာဗျူဟာလုပ်ငန်းစဉ်များအပေါ် မူတည်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်သောနည်းပညာအသစ်များသည် အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များဦးဆောင်သော အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs)အတွက် ကြီးမားသောအခွင့်အလမ်းများကို ဖန်တီးပေးနိုင်ကြောင်း ရေးသားထားသည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၂၆ ဘီလီယံတန်ဖိုးရှိသည့် greenfield FDI စီမံကိန်း ၂၃၀၀ ကျော်ရှိကြောင်းပါရှိသည်။ ခရီးသွားကဏ္ဍ စနစ်တကျရေရှည်ဖွံ့ဖြိုးရန် ထိရောက်သောအုပ်ချုပ်မှု မဟာဗျူဟာရေးဆွဲမှု၊ စဉ်ဆက်မပြတ်စောင့်ကြည့်သုံးသပ်မှု၊ ပေါင်းစည်းညီညွတ်သောလုပ်ဆောင်မှုများဖြင့် ဖော်ဆောင်ပေးနိုင်ကြောင်းနှင့် ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးကို မြှင့်တင်ပေးနိုင်သည့် အင်အားဖြစ်သည့်အပြင် လူမှုအသိုင်းအဝိုင်းကို တက်ကြွစေခြင်း၊ အမြန်ပြန်လည်ထူထောင်ဖန်တီးနိုင်ခြင်း၊ ရေရှည်တည်တံ့သော နောင်အနာဂတ်အတွက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်သောကဏ္ဍကြီးတစ်ခုဖြစ်ပါကြောင်း ညွှန်းဆိုရေးသားထားသည်။

**မြန်မာ့ခရီးသွားဝန်ကြီးဌာန စွမ်းပကား**

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍသည် များပြားလှသောအားသာချက်များဖြင့် ရပ်တည်နေသည်။ ပထမဦးစွာ ရှားပါးသောယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်တို့ ကြွယ်ဝခြင်းဖြစ်သည်။ ဒုတိယအားသာချက်မှာ ဘူမိထူးခြားကွဲပြားသော သဘာဝပတ်ဝန်းကျင်ဖြစ်သည်။ တတိယအချက်မှာ ချစ်စဖွယ်လူမှုဓလေ့စရိုက်နှင့် ရိုးရာပွဲတော်များဖြစ်သည်။ ဒေသခံပြည်သူများ၏ ရိုးသားဖော်ရွေမှုနှင့် ရိုးရာလက်မှုပညာများ၊ ဆယ့်နှစ်လရာသီရိုးရာပွဲတော်တို့သည် ခရီးသည်များအား မြန်မာ့အမွေအနှစ်ကို နက်နက်ရှိုင်းရှိုင်းခံစားစေနိုင်ပြီး အာဆီယံဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာရှိ ကမ္ဘာ့ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားကဏ္ဍ၏ အခြေခံအုတ်မြစ်များဖြစ်သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၂၄၇၁ လုံး၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်ပေါင်း ၃၉၁၈ ခုကို ခွင့်ပြုပေးခဲ့ပြီး ဧည့်လမ်းညွှန် ၅၈၁၆ ဦးကို လိုင်စင်ထုတ်ပေးခဲ့ပြီးဖြစ်သည်။ ၎င်းနောက် ပညာရေးကို လက်လှမ်းမမီသောလူငယ်များ၊ အမျိုးသမီးများနှင့် စွန့်ဦးတီထွင်သူများအတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှု ၄ မျိုးအပါအဝင် ဆက်စပ်သင်တန်းပေါင်း ၅၇၀ ကြိမ်ကို သင်တန်းသား၊ သင်တန်းသူ ၂၆၉၃၀ ဖြင့် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ e-Government ဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်သည့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး (ICT Infrastructure)၊ အီလက်ထရောနစ်အသုံးပြု ပြည်သူ့ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရေး (e-Services)အပြင် နည်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး (ICT Capacity Building) အဖြစ် သင်တန်းအမျိုးအစား ၂၅ မျိုးကို သင်တန်းသား သင်တန်းသူ ၂၁၂၇ ဦးဖြင့် သင်ကြားပေးပြီးဖြစ်ပါသည်။

လူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism-CBT)အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၁)ခုတွင် CBT ဖော်ဆောင်လျက်ရှိသော ကျေးရွာစုစုပေါင်း(၅၅)ရွာရှိပြီး လတ်တလောကာလ၌ သွားလာလည်ပတ်နိုင်သည့် CBT ကျေးရွာစုစုပေါင်း(၁၄)ရွာရှိပါသည်။ **စာမျက်နှာ ၁၁ သို့ ☆**

- **တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၂၀၂၄ ခုနှစ်တွင် နိုင်ငံတကာခရီးသည် ၁ ဒသမ ၄ ဘီလီယံရောက်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှရရှိသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံခန့်ရရှိခဲ့**
- **၂၀၂၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှဝင်ငွေသည် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၁၀ ရာခိုင်နှုန်းရှိပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် အလုပ်လုပ်ကိုင်သူဦးရေ ၃၅၇ သန်းရှိ၍ ကမ္ဘာ့အလုပ်အကိုင်စုစုပေါင်း၏ ၁၁ ရာခိုင်နှုန်းကျော်ဖြစ်**

UN Tourism
၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
“ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့”
WORLD TOURISM DAY 2025 | TOURISM AND SUSTAINABLE TRANSFORMATION
၂၇-၉-၂၀၂၅ နေပြည်တော်

(၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်
“ခွေးရူးရောဂါကင်းစင်ရေး၊ မနေ့းအမြန်လက်တွဲပေး”
ACT NOW: YOU, ME COMMUNITY



နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ပညာလင်းရောင်စာကြည့်တိုက်ဖွင့်



ပြင်ဦးလွင် စက်တင်ဘာ ၂၄

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်း ကျေးရွာတွင် ပညာလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပညာလင်းရောင် စာကြည့်တိုက် အဆောက်အအုံ သစ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်း ဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဒေါ်ဝေဝေဖြိုး၊ ပြင်ဦးလွင် ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ ပြင်ဦးလွင် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင် နှင့် မြို့နယ်မြို့မိမြို့ဖ အတွင်း ရေးမှူး ဦးထွန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှု လေ့လာနေမှုနှင့် စာအုပ်စာစောင် များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့က လှူဒါန်းသော ငွေကျပ် ၁၀ သိန်းကို မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှု ရေးရာဝန်ကြီးက စာကြည့်တိုက် အတွက် လှူဒါန်းပေးခဲ့ပြီး တိုင်း ဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့် မြို့မိ မြို့ဖ အတွင်းရေးမှူး ဦးထွန်းထွန်း တို့က စာအုပ်စာစောင်များ ပေးအပ် လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေး မှူးနှင့် စာကြည့်တိုက်မှူးတို့က လက်ခံရယူခဲ့ကြကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

# တာပွန် အထက၌ မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

နတ်တလင်း စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်အထက်တန်း ကျောင်း ရွှေရတုခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေး နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် ကျောင်းသား ကျောင်းသူများ အတွက် မိဘဆရာပူးပေါင်းပါဝင်ကူညီကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-12တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဓာတု၊ ရူပ၊ ဇီဝ သုံးဘာသာဂုဏ်ထူးရရှိ သော မရွှေယမင်းဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် မသန္တာလင်းနှင့် ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)




**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

☆ စာမျက်နှာ ၁၀ မှ

ခရီးသွားလုပ်ငန်းများ စနစ်တကျနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization-DMO)များကို ၂၀၁၈ ခရီးသွားလုပ်ငန်း ဥပဒေနှင့်အညီ နေပြည်တော်ကောင်စီ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များတွင် ၂၀၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ ခရိုင် (၉၅) ခရိုင်၊ မြို့နယ်(၂၁၀)တွင် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ဝန်ကြီးဌာန၏ Promotion & Digital Marketing ဆောင်ရွက်ထားရှိမှုများအနေဖြင့် ခရီးသွားကဏ္ဍနှင့် သတင်းအချက်အလက်များကို ဝန်ကြီးဌာန၏ Website နှင့် Web Portal တွင် ဘာသာစကား(၁၁)မျိုးဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ရိုက်ကူးထားသည့် Video များကို YouTube Channel ဖြစ်သည့် Visit Myanmar Now Channel တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်ကြည့်ရှု နိုင်သည်။ ဝန်ကြီးဌာန၏ Facebook Page၊ အင်စတာဂရမ်၊ တွစ်တာနှင့် Pinterest တို့တွင်ခရီးစဉ် ဒေသဆိုင်ရာ Post များကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ဤတွင်မက ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများ ဖြစ်သော GMS၊ CLMV၊ ACMECS၊ BIMSTEC၊ SASEC၊ ASEAN-China Center ၊ ASEAN-Japan Center နှင့် ASEAN-Korea Center စသည့် အဖွဲ့အစည်းများ၊ ဒေသတွင်း၊ ကမ္ဘာ့နိုင်ငံများနှင့် နှစ်နိုင်ငံ(Bilateral) ခရီးသွားလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက် လျက်ရှိပါသည်။

**ရေရှည်တည်တံ့အောင် စဉ်ဆက်မပြတ်ဖော်ဆောင်နိုင်ရေး**

မြန်မာနိုင်ငံသည် သဘာဝအလှတရား၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ စိတ်ဝင် စားဖွယ်အရင်းအမြစ်များ ကြွယ်ဝများပြားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဤအရင်းအမြစ်များမှ ရေရှည် တည်တံ့ခိုင်မြဲသော အကျိုးကျေးဇူးများကို ရယူနိုင်ရန်အတွက် စနစ်တကျနှင့်စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ် ပါသည်။ ပထမဦးစွာ ဂရုပြုဆောင်ရွက်သင့်သည့် အချက်မှာ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းကာကွယ်ရေးပင်ဖြစ်သည်။ ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝပတ်ဝန်းကျင် နှင့် ဒေသခံတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုအသွင်အပြင် ကို ထိခိုက်ပျက်စီးစေခြင်းမရှိစေရန် စည်းမျဉ်း စည်းကမ်းများ ချမှတ်ကျင့်သုံးရမည်။ ထင်ရှားသော ခရီးသွားဆွဲဆောင်ရာနေရာများကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ သယံဇာတများ အလွဲသုံးစားလုပ်ခြင်း ကို တားဆီးခြင်း၊ ဒေသခံကျေးလက်ဒေသများ၏ ရိုးရာဓလေ့အသွင်အပြင်ကို ထိန်းသိမ်းရန်အတွက် ခရီးသွားလာရေးဆိုင်ရာ စည်းကမ်းချက်များ ပြဋ္ဌာန်း ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဒေသခံ ပြည်သူများကိုလည်း ၎င်းတို့၏ယဉ်ကျေးမှုအမွေ အနှစ်များ ထိန်းသိမ်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပညာပေးခြင်းနှင့် စီးပွားရေးအရ မြှင့်တင်ပေးခြင်း များ ပြုလုပ်သင့်ပါသည်။

နောက်ထပ်အရေးကြီးသော အချက်တစ်ခုမှာ စီမံခန့်ခွဲမှုဆိုင်ရာနည်းပညာများ တိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ခြင်းနှင့် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးခြင်းပင် ဖြစ်သည်။ ခေတ်မီသောဒစ်ဂျစ်တယ်နည်းပညာ များကို အသုံးပြု၍ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များကို စုစည်းခြင်း၊ ခရီးသွား ဧည့်သည်များ၏ အတွေ့အကြုံကို မြှင့်တင်ပေးနိုင် မည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအသုံးပြုဆောင်ရွက်၍ Smart Tourism ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းနှင့် အွန်လိုင်းမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်ရန် စီမံဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းမှရရှိသော အကျိုးအမြတ် များသည် ဒေသခံအသိုက်အဝန်းများထံသို့ ရောက်ရှိ စေရန်ဒေသခံလုပ်ငန်းငယ်များကို ပံ့ပိုးကူညီခြင်း၊ ဒေသထွက်ကုန်များကို ခရီးသွားလုပ်ငန်း၌ ပေါင်းစပ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။ နောက်ဆုံးအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေးဆောင်ရွက် ရန်လိုအပ်ပါသည်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ၊ ဥရောပနှင့် အရှေ့အလယ်ပိုင်း စသည့်ဈေးကွက် အသီးသီးအတွက် သီးသန့်ဗျူဟာများချမှတ်ရမည်။ ခရီးသွားလုပ်ငန်းဆိုင်ရာပညာရပ်များကို သင်ကြား ပို့ချပေးခြင်း၊ ဝန်ဆောင်မှုစံချိန်စံညွှန်းများမြှင့်တင် ပေးခြင်းနှင့် ဒေသခံများအား ခရီးသွားလုပ်ငန်းတွင် ပါဝင်နိုင်ရန် အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ သည် ခရီးသွားကဏ္ဍ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက်မှုအတွက် စဉ်ဆက်မပြတ်ဆောင်ရွက် သင့်သည့်အချက်များပင် ဖြစ်ပါသည်။

**နိဂုံး**

ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးဆိုသည်မှာ ရွေးချယ်စရာတစ်ခုမဟုတ်တော့ဘဲ ကျွန်ုပ်တို့ အားလုံး၏ တာဝန်ဝတ္တရားတစ်ရပ် ဖြစ်လာပြီ ဖြစ်သည်။ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် ဟူသော ခြေတိုင်သုံးခုအပေါ်တွင် ဟန်ချက်ညီစွာ ရပ်တည်နိုင်မှသာ ခရီးသွားကဏ္ဍသည် “စစ်မှန် သော ပျော်ရွှင်မှုလုပ်ငန်း” ဖြစ်လာမည်ဖြစ်ပြီး လက်ရှိမျိုးဆက်အတွက်သာမက အနာဂတ် မျိုးဆက်များအတွက်ပါ လှပသောကမ္ဘာကြီးကို ဆက်လက်ထိန်းသိမ်းပေးနိုင်မည် ဖြစ်သည်။ ထို့ကြောင့် အစိုးရ၊ လုပ်ငန်းရှင်များ၊ ခရီးသွားများနှင့် ဒေသခံလူထုအားလုံးသည် ခရီးသွားကဏ္ဍ ရေရှည် ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ကြပါစေ ကြောင်း ဆုမွန်ကောင်းဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း နေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

# တောင်ကြီးမြို့နယ် နောင်ကားကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး

**နေပြည်တော် စက်တင်ဘာ ၂၄**

တောင်ကြီးမြို့နယ် နောင်ကားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ မြို့နယ်ကျန်းမာရေးဌာနမှ ဆရာ ဆရာမများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး လာရောက်ဆေးကုသနေသောဒေသခံပြည်သူများအား ဆေးနှင့် အာဟာရပြည့်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက်ကျန်းမာရေးဌာန တာဝန်ကျဆရာမများထံ ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တောင်ကြီးမြို့နယ် နားဟီးကျေးရွာအုပ်စု ထီရီးကျေးရွာရှိဘုန်းတော်ကြီးကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့နှင့် ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများနှင့် အဆိုပါကျောင်းတိုက်၌ တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံရပ်မိရပ်ဖများ၏တင်ပြချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျေးရွာများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**





# လှိုင်ကော်မြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**လှိုင်ကော် စက်တင်ဘာ ၂၄**

ကယားပြည်နယ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက လှိုင်ကော်မြို့ မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက ယခုသင်တန်းဆင်းပြီး ECCD လက်မှတ်ရဆရာမများအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်များအား မှန်ကန်သောပြုစုပျိုးထောင်နည်းတို့ကို သင်ကြားရရှိထားပြီးဖြစ်ရာ မိမိတို့ သက်ဆိုင်ရာနယ်ပယ်အလိုက် ပြည်နယ်အတွင်း ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်၍ များစွာအကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းတွင် ဘာသာရပ် ၂၂ မျိုးကို စက်တင်ဘာ ၁ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုတွတ်(ပြန်/ဆက်)**

# သထုံမြို့၌ ခွေးရူးရောဂါအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

**သထုံ စက်တင်ဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ (၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းသားကျောင်းသူများအား ကြက်ဥနှင့် နွားနို့အာဟာရတိုက်ကျွေးခြင်းတို့ကို ယမန်နေ့နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဒေါက်တာဥမ္မာနှင်းက ၂၀၂၅ ခုနှစ် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "ခွေးရူးရောဂါကင်းစင်ရေး မနေ့အမြန်လက်တွဲပေး"နှင့်အညီ ခွေးရူးရောဂါကင်းစင်အောင် ပူးပေါင်း ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သထုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာခွန်မင်းမောင်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦးတို့က ခွေးရူးရောဂါ၏ လက္ခဏာများ၊ ရောဂါကူးစက်ပျံ့နှံ့ပုံများ၊ ကာကွယ်ရန် နည်းလမ်းများစသည့် ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာတို့ကိုလည်းကောင်း ခရိုင်စားသုံးသူ ကာကွယ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မင်းက စားသုံးသူအခွင့်အရေးနှင့် ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာတို့ကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# ထန်းတပင်မြို့နယ်၌ ခွေးရူးရောဂါဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၄**

(၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခွေးရူးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက (ထန်းတပင်)၌ ပြုလုပ်သည်။



အသိပညာပေး ဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်ဦးနှင့် ဦးစီးအရာရှိ ဒေါက်တာ အင်ကြင်းမေတို့က ကျောင်းသား ကျောင်းသူများအား ခွေးရူးရောဂါဆိုင်ရာ အသိပညာများကို ပြောကြားကြပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကာ ခွေးနှင့်ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေးများကို မြို့နယ်အတွင်း အခမဲ့ လိုက်လံထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖြူးအမြန်လမ်းမကြီးရဲစခန်းမှစခန်းမှူး ဒုတိယရဲမှူးကျော်စိုး ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၁၅ ဦးတို့က စက်တင်ဘာ ၂၄ ရက်တွင် ဖြူးခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံသွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ နေမျိုးလွင်(ပြန်/ဆက်)

# စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့မွန်းလွဲ ၃ နာရီခွဲ အချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်


**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှ စက်တင်ဘာ ၃၀ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**


ယနေ့ ညနေမှ ၃၀-၉-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




ယနေ့ညနေမှ ၃၀-၉-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




ယနေ့ညနေမှ ၃၀-၉-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# ကန်ကြီးထောင့်မြို့နယ် အထက မြင်းကဆိပ်၌ လူငယ်စကားဝိုင်းကျင်းပ

**ကန်ကြီးထောင့် စက်တင်ဘာ ၂၄**

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့် မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြင်းကဆိပ်တိုက်နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (မြင်းကဆိပ်)၌ ကျင်းပသည်။



ဦးစွာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်း ဆွေးနွေးပွဲတွင် လက်ထောက်မူလတန်းပြ ဆရာမ ဒေါ်အေးချမ်းသူက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက မြင်းကဆိပ်မှ ကျောင်းသား ကျောင်းသူများက ကျောင်းသားနှင့်ယဉ်ကျေးမှု၊ ကျောင်းသားနှင့် ရိုင်းပင်းကူညီစိတ်၊ ကျောင်းသားနှင့် စာပေလေ့လာမှုစသည့် အကြောင်းအရာများကို ဆွေးနွေးကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

# ဒက္ခိဏမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ဒက္ခိဏ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဒက္ခိဏမြို့နယ်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများနှင့် အောင်ချက် အကောင်းဆုံးရရှိခဲ့သောကျောင်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလှငွေးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်သူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စေတနာရှင်၊ အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၂၀၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမ ၂၂ ဦးနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အောင်ချက်အကောင်းဆုံးရရှိသော အခြေခံပညာအထက်တန်းနှင့် အထက်တန်းကျောင်းခွဲ ခြောက်ကျောင်းတို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

■

# မော်လမြိုင်မြို့နယ်၌ မြန်မာ့သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၄**

မော်လမြိုင်မြို့နယ်၌ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေး၊ မြန်မာ့သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲဝင်းက ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းအကြောင်း၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေများ၊ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ထိန်းသိမ်းရန်အတွက် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးရခြင်းအကြောင်းတို့ကို အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်ဇော်လတ်က မြန်မာ့သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအကြောင်း၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနှင့် သစ်တောများ၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# ပန်းတနော်မြို့ အမှတ်(၁) အထက၌ ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြော



**ပန်းတနော် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ခွေးရူးရောဂါကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့ပုံ ပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပန်းတနော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ဒေါ်သဲစုခိုင်က ခွေးရူးရောဂါ ကာကွယ်တားဆီးရေးနှင့် ခွေးရူးရောဂါ ကူးစက်ပျံ့နှံ့ပုံကို ရှင်းလင်းဟောပြောပြီး ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ဝင်းက ခွေးကိုက်ခံရပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့အမြန်ဆုံးလာရောက်၍ ခွေးရူးရောဂါကာကွယ်ဆေး မဖြစ်မနေထိုးနှံကြရန်နှင့် ခွေးရူးရောဂါလက္ခဏာများကို လေ့လာသိရှိထားပြီး ရောဂါကာကွယ်ရန် နည်းလမ်းများအတိုင်း ပြုမူနေထိုင်ကြရန် ပညာပေးဟောပြောသည်။

ထို့နောက် ဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူများအား ခွေးရူးရောဂါကာကွယ်တားဆီးရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်

**မော်လမြိုင် စက်တင်ဘာ ၂၄**

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ထောက်ပံ့မှုများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ သမားတော်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစမ်းသပ် စစ်ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မွန်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)အသင်းနှင့် ဘိလိယက်နှင့် စနူကာအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အားကစားသမားများအနေဖြင့် ပြည်နယ်၏ ဂုဏ်မြှင့်တင်နိုင်ရေး ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အောင်နိုင်ရေးအလံနှင့် မွန်ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအား ချီးမြှင့်ငွေများ ပေးအပ်ပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ဘိလိယက်နှင့် စနူကာအသင်းတို့မှ တာဝန်ရှိသူများက ချီးမြှင့်ငွေများ ပေးအပ်ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**





## ဟသ်ာတမြို့နယ်၌ ကျောင်းအခြေပြု ကာကွယ်ဆေးများ ထိုးနှံ

**ဟသ်ာတ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အမက (၂၀)၌ ယနေ့နံနက်ပိုင်းတွင် ဆုံဆို့မေးခိုင်ရောဂါ ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံပေးသည်။

ဟသ်ာတမြို့နယ်၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင် ဦးဆောင်သော ခရိုင်နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ယနေ့အထိ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၃၅၂ ကျောင်းရှိ အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ် မကျော်သော ကျောင်းသား ကျောင်းသူ ၄၆၈၀ အား ဆုံဆို့မေးခိုင်ရောဂါ ကာကွယ်ဆေးများကိုလည်းကောင်း၊ အသက် ကိုးနှစ်ပြည့်ပြီး ၁၀ နှစ် မကျော်သော ကျောင်းသူ ၂၃၇၀ အား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများကိုလည်းကောင်း ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုများကို ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် ပညာရေးဌာန တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ ကျေးလက်လမ်းခင်းနေမှုများ ကြည့်ရှုစစ်ဆေး

**ကျောက်ဆည် စက်တင်ဘာ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးလှခိုင်၊ ညွှန်ကြားရေးမှူး (မြို့ပြ)ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဖျောက်ဆိပ်ပင်ကျေးရွာ အဝင်လမ်းနှင့် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်နေသည့် သပြေပင်–ပင်တလည်–ပတ္တာ လမ်းခင်းနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းကို Winner Myanmar Company က တာဝန်ယူ၍ ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၂၃ ဒသမ ၀၉ သန်းဖြင့် ကွန်ကရစ်ခင်းခြင်းဖြစ်ပြီး သပြေသာ – ပင်တလည် – ပတ္တာ ကျေးရွာချင်းဆက်လမ်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မန္တလေးတိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၈၇ ဒသမ ၂၃ သန်းဖြင့် ကျောက်ရောမြေ ခင်းပေးခြင်းဖြစ်သည်။ အဆိုပါလမ်းများ ပြီးစီးပါက ကျေးရွာကိုးရွာမှ လူဦးရေ ၁၆၇၆၃ ဦးတို့၏ လူမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## သံဖြူဇရပ်မြို့နယ်၌ ခွေးရူးရောဂါအကြောင်းအသိပညာပေးဟောပြော

**သံဖြူဇရပ် စက်တင်ဘာ ၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ လှုပ်ရှားမှုအဖြစ် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ပညာ့ဗိမာန်) ခန်းမ၌ ခွေးရူးရောဂါအကြောင်း အသိပညာပေးဟောပြောသည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းငွေထွန်းက ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဒေါက်တာ



တင်နီလာထွန်းက လူတွင် ဖြစ်ပွားတတ်သော ခွေးရူးရောဂါနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဦးကျော်မျိုးနိုင်က ခွေးလေခွေလွင့် ရှင်းလင်းခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

ထို့နောက် အောင်သာယာရပ်ကွက်ရှိ ခွေး ၇၅ ကောင်၊ မဏိရတနာဘုန်းကြီးကျောင်းရှိ ခွေးကိုးကောင်နှင့်အဝေးပြေးကားဝင်းရှိ ခွေးနှင့် ကြောင် ၁၁ ကောင် စုစုပေါင်း ၉၅ ကောင်ကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးနှင့် သုံးစွဲမှုလျှော့ချရေး အသိပညာပေးဟောပြော

**တောင်ကြီး စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ ကလောချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများ တားဆီးကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကလောမြို့နယ် စည်ပင်သာယာရေးဌာနတို့



ပူးပေါင်း၍ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေး အသိပညာပေးဟောပြောပွဲကို ကလောမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေစန္ဒာမိုးက တစ်ခါသုံးပလတ်စတစ်အပါအဝင် ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ရေးနှင့် သုံးစွဲမှုလျှော့ချရေး အသိပညာပေးဟောပြောပြီး ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး ဗီဒီယိုပြသ၍ လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

ထို့အတူ တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကလောမြို့မဈေးနှင့် အောင်ပန်းမြို့မဈေးအတွင်းရှိ ဈေးဆိုင်များနှင့် ဈေးဝယ်သူများအား အသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ၊Recycle Bag များ ဖြန့်ဝေပြီး အောင်ပန်းမြို့အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတွင် တစ်ခါသုံးပလတ်စတစ် သုံးစွဲမှုလျှော့ချခြင်းခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။ **စိုးလင်း(တောင်ကြီး)**

## အင်္ဂပူမြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းဝေးပြုလုပ်

**အင်္ဂပူ စက်တင်ဘာ ၂၄**

အင်္ဂပူမြို့နယ် ပညာရေး ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ (၂၀၂၄- ၂၀၂၅) ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းဝေးကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းဝေးခန်းမ၌ပြုလုပ်သည်။

ဦးစွာ သဘာပတိ ဆရာဦးမောင်ချိုနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်တို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် ပညာရေးငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ အမှုဆောင်အဖွဲ့ အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အတည်ပြုခြင်း၊ အသင်းသား စာရင်းစစ်အဖွဲ့ အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းသားများ၏ သားသမီးများနှင့် အသင်းသားများထဲမှ စုဆောင်းငွေ အများဆုံးထည့်ဝင်သူ အသင်းသားသုံးဦးအား တာဝန်ရှိသူများက ဆုများ ဂုဏ်ပြုပေးအပ်ခဲ့ကာ အသင်းသားများ စုဆောင်းငွေအပေါ် အတိုးရငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် လေးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် လေးဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင် အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော PDFအမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကိုလက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသည့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး စုစုပေါင်း လေးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ၎င်းကျည် ၇၁ တောင့်၊ RPG တစ်လက်၊ Type-79 တစ်လက်၊ RPG ဗုံးသီး သုံးလုံး၊ ၄၀ မမ ဗုံးသီး တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက် ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက်တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ဝန်ခံကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦး၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

ကျွန်တော်တို့ ရန်နောင်မှာ တိုက်ပွဲတွေဖြစ်တော့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က စစ်ရှောင်ရင်းနဲ့ ပဒပ်ချောင်းကျေးရွာကိုရောက်ရှိသွားခဲ့ပါတယ်။ ဒီလိုရောက်ရှိသွားတဲ့အချိန်မှာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေ ရွာထဲကိုရောက်ရှိလာပြီး ကျွန်တော်တို့အသက်အရွယ် ယောကျ်ားလေးတွေကို သူတို့ဝေယျာဝစ္စများခိုင်းဖို့နဲ့ သူတို့အဖွဲ့ထဲကိုဝင်ဖို့ခေါ်ဆောင်သွားခဲ့ပါတယ်။ ရန်နောင်မှာ ပြန်ပြီးနေလို့ရပြီ။ ပြန်မယ်ဆိုတော့ သူတို့စခန်းတွေကို သိနေတာကတစ်ကြောင်း၊ နောက်တစ်ခုက သူတို့ခိုင်းတာတွေကို လုပ်ပြီးသွားပြီဖြစ်တဲ့အတွက် တပ်မတော်ဘက်က သိလို့ရှိရင် ဖမ်းပြီးတော့ နှိပ်စက်မယ်။ အဲဒီလိုပြောတဲ့အတွက် ကျွန်တော်တို့ ဆက်ပြီးတော့ နေခဲ့ရတယ်။ ကြာလာတော့ လူမျိုးရေးခွဲခြားလာတယ်။ အလုပ်ဆိုရင်လည်း ကျွန်တော်တို့ပဲ လုပ်ရတယ်။ ကင်းစောင့်ရင်လည်း ကျွန်တော်တို့ပဲ စောင့်ရတယ်။ ပြောမှားဆိုမှား ရှိလို့ရှိရင်လည်း ကျွန်တော်တို့ အနှိပ်စက်ခံရတယ်။ ပြည်သူတွေကို ဥပဒေမဲ့စွာဖမ်းတယ်။ ဖမ်းပြီးတော့ နှိပ်စက်တယ်။ ကျွန်တော်တို့တွေဆိုလည်း မိဘတွေနဲ့ အဆက်အသွယ်လည်း မရဘူး။ မိဘတွေနဲ့လည်း အဆက်အသွယ် မလုပ်ခိုင်းဘူး။ ဖုန်းတွေကိုလည်း သိမ်းထားတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မိဘတွေနဲ့လည်း ပြန်နေချင်တယ်။ မြို့ပေါ်မှာ တခြားသူငယ်ချင်းတွေ ပျော်နေတာမြင်ရင်လည်း အားကျမိတယ်။ ပြီးတော့ လူငယ်တွေလို လွတ်လွတ်လပ်လပ်လည်း နေချင်တယ်။ ဥပဒေဘောင်အတွင်းမှာ စည်းကမ်း



တကျလည်း ပြန်နေချင်တာကြောင့် ကျွန်တော်တို့ လေးယောက် တိုင်ပင်ပြီးတော့ အဖွဲ့ထဲမှာ ပစ်အားအကောင်းဆုံးဆိုတဲ့ လက်နက်တွေကို ယူဆောင်ပြီးတော့ တပ်မတော်ထံ အလင်းဝင်ရောက်ခဲ့တယ်။ အလင်းဝင်ရောက်လာတဲ့ အခါမှာလည်း တပ်မတော်ဘက်က ကျွန်တော်တို့ကို နှိပ်စက်မေးမြန်းခြင်း မရှိတဲ့အပြင် အခုလို နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ပြီးတော့ PDF ထဲမှာရှိတဲ့ ညီအစ်ကိုတွေကိုလည်း ပြောချင်တာက တပ်မတော်ထံ အလင်းဝင်ပါ။ တပ်မတော်ဘက်ကလည်း နွေးထွေးစွာ လက်ကမ်းကြိုဆိုနေပါတယ် ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။

**သတင်းစဉ်**

## သဃ်န်းကျွန်းနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

သဃ်န်းကျွန်းနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် သတင်းအရ သဃ်န်းကျွန်းမြို့နယ် (၂၉) ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်နေ စောဝင်း(ခ) စိုးဝင်း(၃၆)နှစ် မောင်းနှင်ပြီး ဒေါပုံမြို့နယ် ပုသိမ်မြေရပ်ကွက်နေ ဇော်မင်းသူ (၃၅)နှစ် လိုက်ပါလာသော Probox ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၂၇၀၀)အား လည်းကောင်း၊ အလားတူ စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာအနီးတွင် မိုင်းပျဉ်းမြို့မှ ကျိုင်းတုံမြို့သို့ တုံတာမြို့နယ် ပန်မတ်ကျေးရွာနေ ရဲလင်းထိုက် (၃၅)နှစ် မောင်းနှင်ပြီး တုံတာမြို့နယ် ပန်ပြင်ကျေးရွာနေ ကျလားရှဲ(ခ) ကျလား လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ (ဒေသ တန်ဖိုးငွေကျပ် ၅၆ သိန်း)အား လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူဇော်မင်းသူနှင့် စောဝင်း(ခ)စိုးဝင်းတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၄**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မ---၊ ၁၉/၂၀၂၅ နှစ်သည် လူမှုကွန်ရက် Tiktok Xiao Mei@ xiaomei 7711 အကောင့်မှ တရုတ်ပြည်တွင် ကောင်မလေးများခေါ်သည်၊ အာမခံစီစဉ်ပေးသည်၊ နယ်ဝေးကားစီစဉ်ပေးသည်ဟု ကြော်ငြာထားသည်ကိုတွေ့ရှိသဖြင့် ဆက်သွယ်ခဲ့ရာ ရှမ်းပြည်နယ် မူဆယ်မြို့နေ အကောင့်ပိုင်ရှင် ကံ့ကော်ဦး (ခ)မီးမီးက တရုတ်အငှားမယား လုပ်ရမည်၊ တစ်နှစ်တရုတ်ယောကျ်ားနှင့်အတူနေရမည်၊ ငွေကျပ်သိန်း ၈၀ ရမည်ဟု စည်းရုံးပြောဆိုခဲ့ပြီး မိတ္ထီလာမြို့သို့ လာရောက်ရန်ခေါ်ဆောင်သဖြင့် သွားရောက်ခဲ့ရာ မိတ္ထီလာမြို့ ကားဂိတ်တွင် ကံ့ကော်ဦး(ခ)မီးမီးနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နေ ဘိုဘိုတို့က လာကြိုစဉ် ဖမ်းဆီးရမိခဲ့သဖြင့် မိတ္ထီလာမြို့နယ် အမှတ်(၂) နယ်မြေရဲစခန်း(ပ) ၁၂/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၃ ရက်တွင် မိတ္ထီလာခရိုင်တရားရုံးမှ တရားခံကံ့ကော်ဦး(ခ)မီးမီးနှင့် ဘိုဘိုတို့နှစ်ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ပြန်လည်ထူထောင်ရေးမှ



အဆိုပါ အထူးကုန်ရထားသည် သံချောင်းလုံး စုစုပေါင်းတန်ချိန် ၄၈၆ ဒသမ ၈၈၆ တန်အား တင်ဆောင်၍ စက်တင်ဘာ ၂၃ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ မလွကုန်းဘူတာမှ စတင်ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်ခဲ့ပြီး နေပြည်တော်မှ ဆက်လက်ထွက်ခွာခဲ့ရာ မန္တလေးမြို့၊ မြို့ဟောင်းဘူတာသို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သံချောင်းလုံးများ မြို့ဟောင်းဘူတာသို့ ရောက်ရှိစဉ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သရက်မြို့၌ လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် စက်တင်ဘာ ၂၄**



မကွေးတိုင်းဒေသကြီး သရက်မြို့၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၂ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်သစ်ကိုင်းများ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပေါ်လာပါက ကိုင်တွယ်ခြင်းမပြုရန်၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသောခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်း မပြုရန်တို့ပါရှိသော လက်ကမ်းစာစောင်အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ ဌာနဆိုင်ရာရုံးများအား မီးဘေးလုံခြုံရေးစစ်ဆေး

**ဇလွန် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဇလွန်မြို့နယ် ဌာနဆိုင်ရာရုံးများ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇလွန်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးရန်လင်းထွန်း ဦးဆောင်၍ သန္တေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက မြို့နယ်ဌာနဆိုင်ရာရုံးများတွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးသတ်ဆေးဘူးများ အသင့်ထားရှိရန်နှင့် မီးသတ်ဆေးဘူးအသုံးပြုနည်း၊ မတော်တဆ



မီးလောင်မှုဖြစ်ပွားလာပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များထားရှိစေရေး အကြံပြုမှာကြားကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရေဦးသာ**

# အောင်လံမြို့နယ်၌ ပုဂ္ဂလိကဘဏ်များအား မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

**အောင်လံ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ ပုဂ္ဂလိက



ဘဏ်များအား မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောဆောင်ရွက်ခြင်းကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေဖြိုးဝင်းနှင့် တပ်ဖွဲ့ဝင်များက ဘဏ်ဝန်ထမ်းများအား မီးလောင်မှု၊ မီးလန့်မှုများဖြစ်ပွားပါက ဆောင်ရန်/ ရှောင်ရန်အချက်များနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများကို လွယ်ကူလျင်မြန်စွာ အသုံးပြုတတ်စေရန် အသိပညာပေးဟောပြောခြင်းနှင့် ဘဏ်ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် (ဗုဒ္ဓဟူး)နေ့သည် "ဘဏ်ပိတ်ရက်" ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ပန်းတနော်မြို့နယ်ရှိ ဆန်စက်များအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**ပန်းတနော် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာနက ယမန်နေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်း ကျုံဒုံးကလေးကျေးရွာရှိ ရှိုင်းလင်းအောင်ဆန်စက်အား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး၊ လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှုအခြေအနေများ စစ်ဆေးခြင်း၊ ဆောင်ရန်/ရှောင်ရန်အချက်များနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မိုးဟိန်းထက်**



# ပေါင်မြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပေါင် စက်တင်ဘာ ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ၏ (၃/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆွေးနွေးချက်ကို ယနေ့နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှူခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးသန်းဝင်းဇော်က လူဦးရေစာရင်းကောက်ယူမှုနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်ဂျူးနီတာဇော်က မဲစာရင်းများမှန်ကန်မှုရှိစေရေး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

**မွန်မလေး(ပြန်/ဆက်)**



ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ



**တောင်ကြီး စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ စက်တင်ဘာ ၂၃ ရက်က ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ တို့က အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် ကဏ္ဍစုံ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းမှသည် ဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရေးဆီသို့ ခေါင်းစဉ်ဖြင့် စာစီစာကုံးရေးသား ယှဉ်ပြိုင်ခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိသူများအား အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့၌ ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်(ပြန်/ဆက်)**

■



## မကွေးမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အကြို နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**မကွေး စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အကြို နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့က မကွေးမြို့ ပုညဝတီကျောင်းတိုက်၌ ကျင်းပရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်စိုးဝင်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် မကွေးမြို့ ပုညဝတီကျောင်းတိုက်ဦးစီးနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး အမှူးပြုသော သံဃာတော် ၂၂၅ ပါးနှင့်သီလရှင်ငါးပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ဆောင်ရွက်ခဲ့ကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

## မြန်မာနိုင်ငံကြက်ခြေနီအသင်းက သာစည်မြို့နယ် လျှောင်ဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**သာစည် စက်တင်ဘာ ၂၄**

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းက မန္တလေး လျှောင်ကြီးဘေး တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး ထောက်ပံ့မှုအစီအစဉ်ဖြင့် လျှောင်ဘေးသင့် အိမ်ထောင်စု ၂၈၆ စုတို့အား ထောက်ပံ့ငွေ ပေးအပ်ခြင်းကို စက်တင်ဘာ ၂၃ ရက်က အမှတ် (၇) ရပ်ကွက် နဘဲရွှေထီးဘုရားဝင်းအတွင်း၌ ပြုလုပ်သည်။



ဦးစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူ တစ်ဦးက ထောက်ပံ့ငွေ ပေးအပ်မှုနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများနှင့် သာစည်မြို့နယ် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များပူးပေါင်း၍ သာစည်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ လျှောင်ဘေးသင့် အိမ်ထောင်စု ၂၈၆ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၀၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဟုမ္မလင်းမြို့၌ ကမ်းပါးပြိုကျသဖြင့် သေဆုံးသူ၊ ဒဏ်ရာရသူများအား ထောက်ပံ့ငွေပေးအပ်

**ဟုမ္မလင်း စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကမ်းပါးပြိုကျသဖြင့် ဒဏ်ရာရသူနှစ်ဦးနှင့် သေဆုံးသူ လေးဦးတို့အတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌရုံးခန်း၌ ကျင်းပသည်။

ဟုမ္မလင်းမြို့တွင် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ဟူနောင် ကျေးရွာမှ တောင်သူခြောက်ဦးတို့သည် နမ့်ပငချောင်းဖျားသို့ ဝါးခုတ်သွားရာ မိုးသည်းထန်ပြီး ကမ်းပါးပြိုကျသဖြင့် နှစ်ဦးဒဏ်ရာရရှိကာ လေးဦးသေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူနှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှင့် သေဆုံးသူလေးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၁၃၀၀၀၀၀ ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူးဦးထွန်းထွန်းနိုင်တို့က မိသားစုဝင်များလက်ဝယ်သို့ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များက (၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ပြည်သူ့ဆေးရုံ၌ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးထွန်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးခိုင်လင်းတို့က ကြည့်ရှုအားပေးခဲ့ကြပြီး အားဖြည့်အာဟာရ အစားအစာများကို ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၅) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်(၃၇) လမ်းထောင့်ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွေးလှိုင် ဦးဆောင်၍ ကျောက်တံတားမြို့မရဲစခန်းမှူး ဒုရဲမှူး ထက်ထက်ဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အောင်ကျော်(ပြန်/ဆက်)





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် အလံပြဘုရာလမ်းရှိ ဆံတော်ကြိုအလံပြစေတီတော်တွင် ဒဂုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဝင်းဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

အောင်မြင့်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က လားရှိုးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန့်ဇင်၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အောင်၊ အမှတ်(၆)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး သက်ထွန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးရဲဝင်း၊ သတင်းရဲတပ်ဖွဲ့မှ ရဲမှူးစိုးနိုင်၊ အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(လားရှိုး)မှ ရဲမှူး မျိုးထိုက်နှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင် (ပြန်/ဆက်)




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃/တိုးချဲ့)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်း၊ တိုက်အမှတ်(၇၂၃)၊ (အလျား ပေ၄၀x အနံ ပေ၆၀) မြေကွက်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက် (၂)ခန်းတွဲ၊ မြေညီ (ခေါင်းရင်းခြမ်း) မြေအပါ (အလျား ၅၄ပေx အနံ ၁၇ပေ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်သန္တာထွန်း [၁၂/တမန(နိုင်)၀၀၂၉၄၇]ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ပိုင်ဇော်၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန်းစန်းဝင်း B.A(Law),LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၉၈၆)**
**ဦးသက်နိုင်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၃၅)**
**ဒေါ်ရွှေရည်တင့်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၆၇၀)**

**တိုက်(၁-အေ)၊ အခန်း(၁၀၄)၊ ရတနာမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၀၅၉၉၈၂၊ ၀၉-၇၈၈၃၀၅၅၈၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၈)၊ မြေကွက်အမှတ်(၃၉၁) အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဒေါ်တင်တင်ဝင်း အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ညွန့်ညွန့်ဝေ [၈/ရနခ(နိုင်)၀၂၆၁၂၆]ထံမှ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမှမရှိ ကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းခမ်းမိုင် [၁၃/လရန(နိုင်)၁၁၀၆၆၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်မှုကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘိုဘိုထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၀၁၆/၂၀၁၆)**
**အမှတ် (B1-11)၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၀၉၁၉၃၃၊ ၀၉-၆၉၄၉၁၇၇၀၀**

## ❖ ရီးယဲလ်မက်ဒရစ်အသင်းမှ

အခုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ယခုဘောလုံးရာသီအတွင်း လာလီဂါသွင်းဂိုး ခုနစ်ဂိုးအထိ ရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။

ဒါ့အပြင် အသက် ၁၈ နှစ်အရွယ်ရှိ မာစန်တူနိုကတော့ ရီယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့လာခဲ့ပြီးနောက် ပထမဆုံး သွင်းဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းမှာ လာလီဂါသွင်းဂိုးသွင်းယူနိုင်ခဲ့တဲ့ လေးဦးမြောက်အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ လီဗန်တေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ခြောက်ပွဲမှာ ခြောက်ပွဲစလုံးအနိုင်ရရှိခဲ့မှုနဲ့အတူ ရမှတ် ၁၈ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားဒုတိယနေရာက ဘာစီလိုနာအသင်းကို ငါးမှတ်ဖြတ်ကာ ဇယားထိပ်မှာ ဆက်လက်ဦးဆောင်နေတာဖြစ်ပါတယ်။

လီဗန်တေးအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ခြောက်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ်လေးမှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၆ နေရာမှာရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၁၁၁၅)၊ ကျန်စစ်သားလမ်း၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ)၊ (၁၂၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၂၇၅)ကေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေ စာရင်းတွင် **ဦးသန့်ဇင်**[၁၂/လကန(နိုင်)၁၃၅၇၈၂] အမည်ပေါက်တည်ရှိပြီး အမည်ပေါက် ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဦးနာရာရန်း**[၅/ကသန(ပြု) ၀၀၀၀၁၂]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနာရာရန်း၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**
**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၄၆)၊ မြေဧရိယာ(၀.၀၈၂)ကေရှိ ဦးထွန်းကြည်(ဘ) ဦးဘိုဝ [၉/လဝန(နိုင်)၀၁၆၀၉၀] အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးထွန်းကြည်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၄၅၃၆/၂၀၂၂)၊ (၁၉-၉-၂၀၂၂)ရရှိထားသူ ဒေါ်အေးမြသီတာ (ဘ) ဦးဝင်းအောင် [၁၂/ရကန(နိုင်)၀၈၂၆၉၀]မှ ဒေါ်သိမ့်ရည်နှင်း (ဘ) ဦးအောင်းမိုး [၉/ခမစ(နိုင်)၀၃၁၉၅၇]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

## ဖခင်အမည်မှန်

နေပြည်တော် ဇေယျာသီရိမြို့နယ် အ.ထ.က ပြည်စံအောင်ကျောင်း (၂၀၂၅-၂၀၂၆)တွင် ပညာသင်ကြားနေသော Grade-10 မှ မမြတ်နိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့် [၁၁/ကဖန (နိုင်) ၀၁၂၅၆၉] ဖြစ်ပါကြောင်း။

**ဦးကျော်မြင့်**

## အများသိစေရန်ကြော်ငြာချက်

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြောက်၊ မြေကွက်အမှတ်-၈၄/က၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၈၄/က)၊ မြို့မ(၁၄)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်ဇံ (CI-၀၀၉၇၈၇) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးကျော်ဇံ(ခင်ပွန်း) ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၆၈၀၀/၂၀၁၁ (၂၇-၁၀-၂၀၁၁)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်စု[၁၂/သကတ(နိုင်)၁၂၉၀၄၁]မှ ပိုင်ဆိုင်စာချုပ်၊ နှစ်(၆၀) ဂရန်မူရင်းမှာ အသိမ်းလွန်၍ အထားမှားပြီး ပျောက်ဆုံးနေသည်မှာမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် သာကေတမြို့နယ်၊ မြို့မရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်၍ အမှုတွဲအမှတ်- သကတ(၄-မ)၀၅၂၄ အရ (၆-၉-၉၃)ဖြင့် မူလထုတ်ပေးထားသည့် ဦးကျော်ဇံ (CI-၀၀၉၇၈၇) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၀၊ မြေကွက်အမှတ် ၁၈၃ ဟုခေါ်တွင်သော အကျယ် ၄၅'x၆၀'၊ ဧရိယာ (၀.၀၆၂)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၅၀ ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ် ၁၈၃ ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ် အဆောက်အအုံတို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ထွေးရီ [၁၂/ကတတ(နိုင်) ၀၀၇၆၃၃]ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ -**

| ဦးလှရွှေ | ဒေါ်မြသက်ဝင်း | ဦးကျော်ဇင်လတ် |
|---|---|---|
| စဉ်- ၈၉၁၂ | စဉ်- ၁၈၉၉၄ | စဉ်-၁၉၃၇၁ |
| (၂၁-၃-၂၀၀၃) | (၂၂-၁၂-၂၀၂၃) | (၂၇-၁၁-၂၀၂၄) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊ ၄ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၇၉၇၈၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါတင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 68(T)/DPTSC(PTP)/ 2025-2026 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ဆောင်ရွက်မည့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေ(၃၇,၀၀၀)အိတ် ဝယ်ယူရန်။ |
| ခ | 69(T)/DPTSC(PTP)/ 2025-2026 | ၅၀၀ကေဗွီ တောင်ငူ (စပါးကြွယ်)ပင်မဓာတ်အားခွဲရုံတွင် (၁၂၀'x၅၀') Steel Structure (၁၆"x၈" I-Beam)RC Open Shed (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၈-၁၀-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂)၊ မြေကွက်အမှတ် (၉၆၃/ခ)၊ သုဇာတာ (၄)လမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ရောင်းချသူ ဦးခင်မောင်အေး [၁၂/ဥကမ(နိုင်) ၀၄၅၃၅၅] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများတင်ပြပြီး လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး L.L.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၃၂)**
**အမှတ် (၁၅၉၅)၊ ဖိုးရာဇာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၅)၊ မြေကွက်အမှတ် (၃၈၀)၊ စံပယ်လမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မိမိဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားရှိပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ရောင်းချသူ ဒေါ်မို့မို့အောင် [၁၂/ကမရ(နိုင်) ၀၅၉၆၅၀]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများတင်ပြပြီး လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး L.L.B, D.I.L, D.B.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၃၂)**
**အမှတ် (၁၅၉၅)၊ ဖိုးရာဇာ (၃)လမ်း၊ (၄၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ ဖုန်း - ၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ (၄၆)လမ်း၊ 45Complex Condo ၊တိုက်(C/705)နေထိုင်သူ ဒေါ်မေမေကွန့် [၁၂/ဗတထ(နိုင်) ၀၄၉၉၁၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုအရှေ့ရွာ၊ စိန်ပန်းလမ်း ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၅'x၁၁၅')ပေရှိ ဦးကျော်လင်းဦး [၁၂/သဃက(နိုင်)၁၇၁၂၀၆]နှင့် ဒေါ်အေးအေးမြိုင် [၁၂/မရက(နိုင်)၀၅၂၁၃၂] တို့မှ ၎င်းတို့ပိုင်ဆိုင်သည့် ရွာမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည် ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမို့မို့အောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်- ၃၄၃၉၀/၁၀)(၂၄-၉-၂၀၁၀)**
**တိုက်(၂၈၇)၊ (အခန်း ၄)၊ ကျောင်းလမ်း၊ (၂၅)ရပ်ကွက်၊**
**သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၃၁၁၇၁၂၊၀၉-၄၄၇၆၅၈၇၀၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်–၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ ဦးအောင်တင်ဝင်း (ကိုယ်ပိုင်အမှတ်၊ – )၊ မှတ်ပုံတင်အမှတ် [၉/ပမန(နိုင်)၁၉၂၂၀၉]၊ အဖအမည် ဦးဆန်းမောင်အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ–၄၀၉၈)အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ရီတင့် မှတ်ပုံတင်အမှတ် [၉/ပမန(နိုင်)၂၀၅၀၀၁]၊ အဖအမည် ဦးမောင်မောင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဦးအောင်တင်ဝင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

